မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

ဆင်းရွှေလီစပါးခင်း၊ ဖန်ခါးပင်၊ နန်းညွန့်ထမင်းဆိုင်၊ နန်းဟောဝန်ဥယျာဉ်၊ ရေပူစမ်းအပန်းဖြေစခန်းနှင့် လားရှိုးမြို့က ပြန်ခဲ့တယ်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
တင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - လှဲလှဲဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၃

သတင်းခရီးသည်တစ်ဦးအနေဖြင့် လားရှိုးမြို့က ရွှေလီရိပ်သာ၌ အခြေပြု၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်းရှိ မြို့နယ်များသို့ လေ့လာရေးခရီးများ သွားရောက်ခဲ့ရာ ရက်သတ္တနှစ်ပတ်ကျော်လာချိန်တွင် မိခင်ဌာနသို့ပြန်ရန် အထုပ်အပိုးပြင်ရလေပြီ။ အချိန်တန်တော့လည်း အိမ်ပြန်ရမည်သာ ဖြစ်သည်။ သည်တစ်ခေါက်ခရီးထွက်ခဲ့ရာတွင် အိမ်ပြန်ချင်စိတ်ထက် လားရှိုးမြို့မှ မခွာချင်သည့်စိတ်က ပို၍အလေးသာနေခဲ့လေသည်။ *စာမျက်နှာ ၉ ကော်လံ ၂* ✻

မြို့ကွက်နှင့် တောင်တန်းအလှ



လားရှိုးမြို့၏ ကျယ်ပြန့်သော မြို့ကွက်နှင့် နောက်ခံတောင်တန်းအလှကို အပေါ်စီးမှ ဤသို့ တွေ့ရသည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်)

ကျန်းမာစေဖို့ အစဉ်သတိပြု ကျင့်ကြံစားသောက်စို့

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာခြင်းနှင့် ပြည့်စုံပါမှ သက်ရှည်စွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။ လူသားတို့ အသက်ရှင်နေထိုင်ရန်အတွက် အခြေခံလိုအပ်ချက်သည် စားဝတ်နေရေးဖြစ်သည်။

ယင်းတို့အနက် အစားအစာသည် အဓိကလိုအပ်ချက်ဖြစ်သည်။ နေ့စဉ် စားသုံးလိုက်သော အစားအစာသည် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရ အချိုးညီညီရရှိဖို့ လိုအပ်သည်။

ယနေ့ကမ္ဘာ၌ နှစ်စဉ် လူသန်းပေါင်းများစွာသည် အစားအစာကြောင့်ဖြစ်ပွားသော ရောဂါများကို ခံစားကြရပြီး ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးကြရသည်။ အစားအသောက်မှတစ်ဆင့် ကူးစက်သော ရောဂါများသည်လည်း ကမ္ဘာတစ်ဝန်းတွင် ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။

စားသုံးသူများအတွက် အစားအစာအန္တရာယ်ကင်းမှုသည် အရေးကြီးသည်။ အစားအစာကို ပြင်ဆင် ချက်ပြုတ်ရာတွင်လည်းကောင်း၊ စားသောက်ရာ၌လည်းကောင်း စားသုံးသူများအတွက် ကျန်းမာရေး ထိခိုက်မှုမဖြစ်ရန် ဂရုပြုကြရမည်။

အစားအစာများတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များပါရှိသည့် ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးသင့်ကြသည်။

အစားအစာကြောင့်ဖြစ်ပွားသော ရောဂါများကို လူတို့ခံစားကြရခြင်း၊ အစားအစာမှတစ်ဆင့် ကူးစက်သောရောဂါများဖြစ်ပွားခြင်း၊ အစားအစာကြောင့် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်ခြင်းတို့သည် စားသုံးသည့် အစားအစာကြောင့်ရရှိသော ဆိုးကျိုးများပင်ဖြစ်သည်။

ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကြောင့် ဆီးချို သွေးချိုရောဂါ၊ နှလုံးရောဂါ၊ နှလုံးအဆီဖုံးရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါတို့ ဖြစ်ပွားလျက်ရှိရာ ပြည်သူများအနေဖြင့် သတိပြု စားသုံးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့ ရောဂါဘယကင်းဝေးပြီး အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသား ပြည်သူများက ကျန်းမာသောလူမှုဘဝနှင့် ပြည့်စုံရေးအတွက် နေထိုင်စားသောက်မှု အကျင့်ကို သတိဖြင့် ပြုမူကျင့်ကြံနေထိုင်သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မီးသတ်ဦးစီးဌာန ဆောက်လုပ်ပြီး အဆောက်အအုံများ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မီးသတ်စခန်း၌ လေးယူနစ် နှစ်ထပ်မီးသတ်စခန်းသစ် ဆောက်လုပ်ပြီးစီးမှု၊ ဂါလန် (၂၀၀၀၀)ဆံ့ အုတ်ရေကန်တည်ဆောက်မည့်နေရာနှင့် လေးလက်မအဝီစိတွင်း တူးဖော်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ပုံစံများနှင့်အညီ တည်ဆောက်ရေး၊ အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီမှန်ကန်ရေးနှင့် အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မီးသတ်ဦးစီးဌာန(ရုံးချုပ်)အတွင်းရှိ လေးခန်းသုံးထပ် ဝန်ထမ်းနေအိမ်နှစ်လုံး ဆောက်လုပ်မှုပြီးစီးမှု၊ အလုပ်ရုံဌာနစုတွင် မီးသတ်ယာဉ်များထုတ်လုပ်မှု၊ ယာဉ်သုံးဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ထမ်းလိုင်းခန်းများသို့ ရေသိုလှောင် ဖြန့်ဖြူးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှမီးတိုင် စိုက်ထူခြင်းလုပ်ငန်း

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဇရာကမ်းသာပန်းခြံအတွင်း အလှမီးတိုင် စိုက်ထူခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဒေါ်တင်တင်စိုး တာဝန်ယူဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့ ကွင်းဆင်း ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)
(ခရစ္စမတ်နေ့)
၂၅-၁၂-၂၀၀၉

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(မေတ္တသုတ်-ခန္ဓသုတ်)**
မမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေချင် (ဘဝအစပထမခြေလှမ်းများ)
၈း၃၅ တေးပဒေသာ
၉း၃၅ ဆောင်းပါး (မေတ္တာဓာတ်) တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (INTERMEDIATE LEVEL)
၁၂း၁၀ အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk(3) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာ နားဆင်စရာ (တစ်သက်မှာ တစ်ခါချစ်မင်္ဂလာ)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီ အောင်ခိုင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (အပြောနဲ့အလုပ်) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

နည်းပညာတက္ကသိုလ်(တောင်ငူ) ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (တောင်ငူ)၏ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက်က တောင်ငူမြို့ တိုင်းအထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် တောင်ငူမြို့ တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်း၊ သွေးလှူဘဏ် တာဝန်ခံ ရောဂါဗေဒဆရာဝန် ဒေါက်တာဝင်းရွှေစင်နှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့် သွေးလှူဘဏ်ဝန်ထမ်းများ၊ သွေးလှူရှင်ကျောင်းသား ကျောင်းသူများအား စနစ်တကျစမ်းသပ်စစ်ဆေး၍ သွေးများဖောက်ကာ လက်ခံယူကြရာ နည်းပညာတက္ကသိုလ်(တောင်ငူ) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာညွန့်စိုးနှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာညွန့်စိုးနှင့် ကျောင်းသားကျောင်းသူ များက အိုသွေး၊ ဘီသွေးနှင့် အေဘီသွေးအစရှိသော သန့်စင်သည့် သွေးအမျိုးအစားအစုံကို ပေးအပ်လှူဒါန်း ကြရာ သွေးလှူဘဏ် တာဝန်ခံဆရာဝန် ဒေါက်တာဝင်းရွှေစင်က လက်ခံယူပြီး သွေးလှူရှင်တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်း လွှာများကို သွေးလှူရှင်များသို့ ပြန်လည် ပေးအပ်ကာ သွေးလှူရှင်များအား အင်အား ပြန်လည်ပြည့်ဖြိုးစေရန် အာဟာရဖြစ် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ဖြည့်ဆည်းပေးအပ်သည်။ (၁၀၄)

ကျေးလက်အိမ်ရာစီမံကိန်း

ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်အိမ်ရာစီမံကိန်းသို့ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဒေါ်ဇာခြည်နုတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)



စာအုပ်စာပေ လူ့မိတ်ဆွေ

နေပြည်တော်လယ်ဝေး မြို့မကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၃

နေပြည်တော်လယ်ဝေးမြို့နယ် ယခင်မြို့မကျောင်း ကျောင်းသားဟောင်းများက ကမကထပြု၍ အစဉ်အလာကြီးမားစွာဖြင့် ကျင်းပလာခဲ့သော အာစရိယဂုဏ ပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် နေပြည်တော်လယ်ဝေး ယခင်မြို့မကျောင်းဟောင်း၌ အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပူဇော်ပွဲကို နေပြည်တော်လယ်ဝေးနေ သက်ရှိထင်ရှားနေထိုင်လျက်ရှိသော မြို့မကျောင်းသန္တေဆရာကြီး ဆရာမကြီးခြောက်ဦးအား မဏ္ဍိုင်ပြု၍ မြို့မရောင်းရင်း သူငယ်ချင်းများ မိတ်ဆုံတွေ့ဆုံပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဖိတ်ကြား

ယင်းအာစရိယပူဇော်ပွဲနှင့် မိတ်ဆုံတွေ့ဆုံပွဲအခမ်းအနားသို့ နေပြည်တော်လယ်ဝေး မြို့မကျောင်းသားဟောင်းကြီးများ၊ မြို့မကျောင်းသစ်ဖြစ်သည့် နေပြည်တော်လယ်ဝေး အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ တက်ရောက်ခဲ့ကြသည့် ကျောင်းသားဟောင်းများ၊ မြို့မကျောင်း၌ တက်ရောက်ခြင်းမရှိခဲ့သော်လည်း တစ်မြေတည်းနေ တစ်ရေတည်း သောက်ခဲ့ကြသည့် မြို့မကျောင်းသားကြီးများ၏ ရောင်းရင်းသူငယ်ချင်းများ စုံစုံညီညီ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသေးစိတ် သိလိုသူများအနေဖြင့် ဦးအောင်ကြည် ဖုန်း-၀၂၃၁၅၀၈ နှင့် ဦးဝင်းမြင့် ဖုန်း-၀၉-၅၁-၄၃၁၇၆၊ ဦးအောင်မွန် ဖုန်း-၀၆၇-၃၀၂၇၇၊ ဒေါ်ခင်ဝင်း ဖုန်း ၀၉-၆၇-၃၀၁၄၉နှင့် ဦးစိန်ဝင်း ဖုန်း- ၀၆၇-၃၀၀၅၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

WEBSITE နှင့် MOBILE APPLICATION ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ကွန်ပျူတာနည်းပညာများ ပြန့်ပွားတိုးတက်စေရန်၊ တီထွင်ဆန်းသစ်မှုများ ထွန်းကားလာစေရန်၊ လူငယ်များ ကွန်ပျူတာနည်းပညာကို စိတ်ဝင်စားလာစေရန်နှင့် နိုင်ငံတကာအဆင့်သို့ ထိုးဖောက်ဝင်ရောက်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့က WEB SITE နှင့် MOBILE APPLICATION ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် မိမိ၏ Project ကို CD နှစ်စုံပြုလုပ်ပေးပို့ရမည်။ Site/ Application ၏ (က)ရည်ရွယ်ချက်များ (Objective)၊(ခ)ပါဝင်သည့် အကြောင်းအရာများ (Features)၊ (ဂ)ဈေးကွက်ရရှိမှုအခြေအနေများ (Market Potential)၊(ဃ) ထူးခြားချက်များ(Uniqueness)၊(င)နည်းပညာ(Techonology) နှင့်(စ) အကျိုးကျေးဇူး (Benifits)တို့ကို ပြည့်စုံစွာ ဖော်ပြပြီး လျှောက်လွှာနှင့် အတူ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာ အင်ဖိုတက်ခ် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင် အသင်းရုံးခန်းတို့သို့ ဒီဇင်ဘာ ၃၀ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

လေ့လာနိုင်

ဆုရရှိသူများအား ငွေသားဆုတံဆိပ်၊ အသိအမှတ်ပြုလက်မှတ်နှင့် အတူ Myanmar ICT Awards 2009 ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံသားမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြကြောင်းနှင့် အသေးစိတ်သိရှိလိုပါက www. myanmar-ictawatds.org www.mcpamyanmar.org နှင့် www. mcia-myanmar.org တို့တွင် လေ့လာနိုင်သည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ပုဏ္ဏားကျွန်း-ကျောက်တော်လမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးသည် ဒီဇင်ဘာ၁၃ရက်တွင် ပုဏ္ဏားကျွန်းမြို့နယ် စစ်တွေ-အမ်း-မင်းဘူးကားလမ်း မိုင်တိုင်အမှတ် (၁၈၁/၀)နှင့် (၁၆၄/၆)၊ ပုဏ္ဏားကျွန်း-ကျောက်တော်လမ်းတို့၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကျောက်တော်မြို့နယ် ကန်ဇောက်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်၊ စစ်တွေ-ရန်ကုန်ကားလမ်း၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မင်းပြားမြို့နယ် နရမ်းကျေးရွာ၌ ငွေချည် (၆) မျိုးသန့်ဝါစေ့နှင့် နေကြာစုပေါင်း စမ်းသပ်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဒီဇင်ဘာ၁၄ရက် မွန်းလွဲပိုင်းတွင် အမ်း-ပဒဲကြော-မအီ ကားလမ်း၌ လမ်း/တံတားကြံ့ခိုင်မှုအခြေ အနေ၊ မအီ-တောင်ကုတ်ကားလမ်း၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တောင်ကုတ်-သံတွဲကားလမ်း ဝဲ/ယာတစ်လျှောက်ရှိ ရော်ဘာစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဒီဇင်ဘာ၁၅ရက် နံနက်ပိုင်းတွင် သံတွဲမြို့ ငပလီလေဆိပ် အဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ရာဇူဒိုင်တံတား တည်ဆောက်မှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးစိုးတင့်၊ ဦးသန်းညွန့်နှင့် ဧရာဝတီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်တို့ လိုက်ပါလျက် ဒီဇင်ဘာ ၁၉ရက်တွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်၌ တည်ဆောက်လျက်ရှိသော ရာဇူဒိုင်တံတား အမှတ်(၂)သို့ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီးဦးတင့်လွင်က ဖွင့်ပွဲအခမ်းအနားပြုလုပ်ရန် ပြင်ဆင်ထားရှိမှုနှင့် ရာဇူဒိုင်တံတား အမှတ်(၁) တည်ဆောက်နေမှုတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရာဇူဒိုင်တံတား အမှတ်(၁)နှင့် အမှတ်(၂)တို့ကိုဆက်သွယ်သော ကျွန်းပေါ်ဖြတ်လမ်း ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာအင်ဂျင်နီယာများက ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ဧရာဝတီတိုင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လမ်း(၁၀)လမ်း၏ လမ်းတံတား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖျာပုံခရိုင်ရုံး၌ ကျင်းပရာ သက်ဆိုင်ရာအင်ဂျင်နီယာအထူးအဖွဲ့၊ခရိုင်စုစုပေါင်းအဖွဲ့ (၁၆)ဖွဲ့တို့က မိမိတို့အပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ဧရာဝတီတိုင်း အင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာချုပ်များက ဖြည့်စွက်ဆွေးနွေးကြကာ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သူနာပြုတက္ကသိုလ် (ရန်ကုန်) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

သူနာပြုတက္ကသိုလ် (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝါရင့်ဆရာ ဆရာမကြီးများအား သူနာပြုသိပ္ပံ (ပုံမှန်) ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများမှ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ ကြွရောက် အပူဇော်ခံပေးပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများကို မနန်းမျိုးမြင့်မေ ဖုန်း-၀၉-၅၁-၀၅၀၄၅၊ မယဉ်မာဟန် ဖုန်း- ၀၉-၅၁-၉၃၂၀၁၊ မဝတ်ရည်ထူး ဖုန်း-၀၉-၅၁-၉၄၁၆၁၊ ကိုအောင်မြတ်ကျော် ဖုန်း-၇၀၄- ၉၁၉၊ ၃၈၂၉၅၆၊ မချိုဝတ်ရည် ဖုန်း-၀၉- -၅၃-၇၀၂၁၈နှင့် မသက်ရွှေဝါဦး ဖုန်း-၀၉-၅၃-၇၄၂၈၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးမြင့်အောင် အင်ဂျင်နီယာချုပ် ဓာတ်အားဖြန့်ဖြူးရေးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
(ခ)	ဦးမျိုးသက်ရွှေ အထွေထွေမန်နေဂျာ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
(ဂ)	ဦးစိုးမင်း အထွေထွေမန်နေဂျာ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

မင်းဘူးခရိုင် ရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်
ခရိုင်လုံးကျွတ် စာအုပ်နှင့် မီဒီယာပစ္စည်းများပေးအပ်လှူဒါန်း

မင်းဘူး ဒီဇင်ဘာ ၂၀

မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲနှင့် ခရိုင်လုံးကျွတ်စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၄ရက် နံနက် ၉နာရီက မင်းဘူးခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အမှာစကား

အခမ်းအနား၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ စာအုပ်နှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က လက်ခံယူသည်။

သင်တန်းသို့ မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ စေတုတ္တရာရုံးများမှ သင်တန်းသား သင်တန်းသူ ၁၀ဦးတက်ရောက်ကြသည်။

(မြို့နယ် ပြန်/ ဆက်)

ပညာရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ASEAN Free Trade Agreements (AFTA) အတွက် ကြိုတင်ပြင်ဆင်နေသူများအတွက် အထောက်အကူဖြစ်စေမည့် Organizational Architecture for Tomorrows Challenges ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ ၁၀လွှာ၊ အခန်းအမှတ် (၁၀၀၉)၌ ဒေါက်တာဒေါ်သက်သက်ခိုင် (မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း) က ဟောပြောမည်ဖြစ်၍ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃နှင့် ဖုန်း- ၀၉-၅၁-၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

သံလွင်လမ်း (၁၀)ရပ်ကွက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့နေ ဦးကျော်ခင်၏ (၆၇) နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၆၇၀၀၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးကိုကိုကြီး လက်ခံယူစဉ်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ် (၁၅)ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ်(၁၅)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉)သို့ ဗဟိုနာယက ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ သြဝါဒစကားမြွက်ကြားခြင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်သွားရောက်ခဲ့သည့် သတင်း၊ ပခုက္ကူ-ကျွန်းချောင်းရထားလမ်းပိုင်း ဖွင့်လှစ်၊ နယ်ခြားစောင့်တပ်အသွင် ကူးပြောင်းရေးမှသည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသို့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစစ်တမ်း(၁၅)၊ ဆီးချို၊ သွေးချိုသဘာဝသိရှိနားလည် ကာကွယ်ကြ၊ စီးပွားရေးသုတကဏ္ဍတွင် လွတ်လပ်သော ကုန်သွယ်ရေးနယ်ပယ်၊ ဂျပန်နိုင်ငံ၏ စီးပွားရေး ဆက်လက်တိုးတက်လျက်ရှိခြင်း အပါအဝင် နိုင်ငံတကာသတင်းများ၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၏ နိုင်ငံ့တာဝန်ကို ဦးဆွေးဆံမြည့် ထမ်းဆောင်သူ၊ မောင်ဝင်း(အညာမြေ)၏ ကိုလူပိန်းနှင့် လူ့အခွင့်အရေး၊ ဒေါက်တာခင်မောင်ညို၏ အချစ်အပေါင်း အချစ်ဆောင်းပါးများ အပါအဝင် ပြည်တွင်းသတင်းများ ပါဝင်လျက် ဒီဇင်ဘာ ၁၆ရက်နေ့စွဲဖြင့် အမှတ် ၄၅၅/၄၅၇ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေလိုက်ပြီးဖြစ်သည်။ သတင်းနှင့်စာမူ ပေးပို့လိုသူများသည် ရွှေနိုင်ငံသတင်းဂျာနယ်ရုံးခန်း အမှတ်၈ ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓမ္မဂီတ
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဆုတောင်းတိုင်းရ** တရားတော် (ဆရာတော် ထီလာအရှင်သုန္ဒရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် [ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နှစ် (၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနား ပြပွဲ၊ ပြိုင်ပွဲ၊ဆုချီးမြှင့်ပွဲနှင့် အသိပညာပေးဖျော်ဖြေပွဲ]
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၆)
- ၈:၃၀ Sports World [Dog Challenge (Part-1)]
- ၈:၅၅ **မက်မဆုံးတဲ့ ပြက်လုံးများ** သောင်းဟန်၊ စူပါဘဲတော၊ ဝွတ်ရှယ်
- ၉:၁၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်း တင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ
- ၉:၄၀ Fashion Talk (Hip Hop Fashion)
- ၁၀:၁၀ လွင်မိုး ခရီးသွားနေသည် ကိုကိုးကျွန်းဆီသို့
- ၁၀:၃၀ ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ
- ၁၀:၅၀ တောက်ပနေသော မျက်ဝန်းများနှင့် ပီတိဖြစ်ဖွယ်မြင်ကွင်းများ
- ၁၁:၁၅ ဂီတသရုပ်ပြခန်း ရှင်းရှင်း-မှိုလိုပေါက်
- ၁၁:၄၅ မဲခေါင်မြစ်ဝှမ်းဒေသ လူကုန်ကူးခံရခြင်းနှင့် ပတ်သက်သော ဖြစ်ရပ်မှန်များ (MTV Exit)
- ၁၂:၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခင်သီတာအုန်းနှင့် တွေ့ဆုံခြင်း)
- ၁၂:၃၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ ကျန်းမာရေး(အပိုင်း-၁) ပါမောက္ခ ဒေါက်တာ ချယ်ရီသန်းသန်း တင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ
- ၁:၀၀ **ဆုတောင်းတိုင်းရ** တရားတော် (ဆရာတော် ထီလာအရှင်သုန္ဒရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival [Chatrium Dream Wedding(3)]
- ၃:၃၀ တောက်ပနေသော မျက်ဝန်းများနှင့် ပီတိဖြစ်ဖွယ်မြင်ကွင်းများ
- ၃:၄၅ ရန်ကုန်မြင်ကွင်းကျယ် (သွေးရောဂါ ညီလာခံ)
- ၄:၀၅ ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ
- ၄:၃၀ အနုပညာမိုးကောင်းကင်
- ၅:၀၀ လွင်မိုး ခရီးသွားနေသည် ကိုကိုးကျွန်းဆီသို့
- ၅:၃၀ MRTV -4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခင်သီတာအုန်းနှင့် တွေ့ဆုံခြင်း)
- ၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် [ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နှစ် (၂၀)ပြည့် အထိမ်းအမှတ် အခမ်းအနား ပြပွဲ၊ ပြိုင်ပွဲ၊ဆုချီးမြှင့်ပွဲနှင့် အသိပညာပေးဖျော်ဖြေပွဲ]
- ၇:၀၅ Fashion Music Festival [Chatrium Dream Wedding(3)]
- ၇:၄၅ ဘယ်သွားသွားသိနေတဲ့ Real Time GPS Tracking System
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **မက်မဆုံးတဲ့ ပြက်လုံးများ** သောင်းဟန်၊ စူပါဘဲတော၊ ဝွတ်ရှယ်
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၆)
- ၁၀:၀၀ ဂီတသရုပ်ပြခန်း ရှင်းရှင်း-မှိုလိုပေါက်
- ၁၀:၂၅ လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာ အနုပညာ (ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန အကြောင်း သိကောင်းစရာ)
- ၁၀:၅၀ ဘယ်သွားသွားသိနေတဲ့ Real Time GPS Tracking System
- ၁၁:၀၀ ရန်ကုန်မြင်ကွင်းကျယ် (သွေးရောဂါညီလာခံ)
- ၁၁:၁၅ သီးပွင့်ဝေဆာ၊ ပဒေသာ (ပျားလိမ္မော်)
- ၁၁:၂၅ Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ **ဖိုးကျားဆင်စခန်း** (အပိုင်း-၁)
- ၁၁:၄၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
- ၁၂:၀၅ ကျေးပင်အက်ရေလှောင်တမံ
- ၁၂:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပေါက်ကွဲမီးလောင်

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ နေတိုးတပ်ဖွဲ့ ထောက်ပံ့ရေး ယာဉ်တန်း ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရပြီး ပေါက်ကွဲ မီးလောင်မှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ ဒေါ်လာဘီလီယံများစွာ ဖြုန်းတီးနေ
အမေရိကန်စစ်ဌာနချုပ် အစီရင်ခံစာ၌ ဖော်ပြ

ဝါရှင်တန် ဒီဇင်ဘာ ၂၃

အမေရိကန်စစ်ဌာနချုပ်မှ ထုတ်ပြန်သည့် လေ့လာချက်အစီရင်ခံစာတွင် အမေရိကန်တပ်ဖွဲ့သည် အီရတ်စစ်ပွဲ၌ ဒေါ်လာဘီလီယံပေါင်းများစွာ ဖြုန်းတီးနေသည်ဟု ဖော်ပြကာ အာဖဂန်နစ္စတန်စစ်ပွဲ၌ သုံးစွဲနေသည့် အသုံးစရိတ်နှင့်ပတ်သက်၍ သမ္မတအိုဘားမား အစိုးရကို သတိပေးထားသည်။

အမေရိကန်ပြည်ထောင်စုအစိုးရသည် အီရတ်နိုင်ငံ၌ ပုဂ္ဂလိကကုမ္ပဏီအမြောက်အမြားမှ လူများကို တပ်ဖွဲ့ဝင် အလုပ်အကိုင်နေရာများချထားပြီး ဒေါ်လာဘီလီယံပေါင်းများစွာ သုံးစွဲနေသည်ဟုလည်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

ဖော်ပြ

အာဖဂန်နစ္စတန်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအတွက် အလုပ်လုပ်နေသည့် အမေရိကန် ၆၀ ရာခိုင်နှုန်းကျော်တို့သည် ပုဂ္ဂလိကကုမ္ပဏီမှဖြစ်သည်ဟုလည်း အစီရင်ခံစာက ထည့်သွင်းဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ကို အလုံးအရင်းဖြင့် ထပ်မံစေလွှတ်လိုက်ခြင်းကြောင့် အာဖဂန်နိုင်ငံတွင် လက်ရှိရောက်ရှိနေပြီးဖြစ်သောပုဂ္ဂလိကကုမ္ပဏီမှ တပ်ဖွဲ့ဝင်အင်အားကို အကြီးအကျယ်ဖြည့်စွက်ပေးလိုက်ခြင်းပင်ဖြစ်ကြောင်း လွန်ခဲ့သည့် သီတင်းပတ်က အောက်လွှတ်တော်သုတေသနဌာနမှ ထုတ်ပြန်အစီရင်ခံထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နေတိုးထောက်ပံ့ရေးယာဉ်တန်း တိုက်ခိုက်ခံရ

ပက်ရှ်ဝါ ဒီဇင်ဘာ ၂၃

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ ဒီဇင်ဘာ ၂၂ ရက်က အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့ဝင်များ၏ ထောက်ပံ့ရေးယာဉ်တန်းအား အကြမ်းဖက်သမားများ တိုက်ခိုက်လိုက်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

နေတိုးထောက်ပံ့ရေးယာဉ်သုံးစီးမှာ ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ အာဖဂန်နစ္စတန်သို့ ထွက်ခွာလာစဉ် အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခြင်းခံရကြောင်း၊ အကြမ်းဖက်သမားများမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ရဲတပ်ဖွဲ့က ယာဉ်မောင်းများနှင့် အခြားသံသယရှိသူများကို ဖမ်းဆီးလိုက်ကြောင်း ထပ်လောင်းပြောကြားသည်။ ဒီဇင်ဘာ ၂၀ရက်ကလည်း ပါကစ္စတန်နိုင်ငံ ဘာလိုချစ္စတန်ပြည်နယ် ကျူတာမြို့၌ အကြမ်းဖက်သမားများက နေတိုးထောက်ပံ့ရေး ရေနံတင်ယာဉ်နှစ်စီးကို မီးရှို့တိုက်ခိုက်မှု ပြုလုပ်သည်။

တိုက်ခိုက်

ပါကစ္စတန်နိုင်ငံကရာချိမြို့မှ အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးသည့် ရေနံတင်ယာဉ်များ၊ ရိက္ခာနှင့် ကုန်တင်ယာဉ်များကို အကြမ်းဖက်သမားများက မကြာခဏဆိုသလို တိုက်ခိုက်လျက်ရှိသည်။

(အင်တာနက်)

အာဖဂန်၌ ပစ်ခတ်မှုဖြစ်ပွား အမျိုးသမီးတစ်ဦးသေဆုံး ၁၀ဦးဒဏ်ရာရရှိ

ကဘူးလ် ဒီဇင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်လန်ပြည်နယ်ရှိကျေးရွာတစ်ရွာသို့ ဒီဇင်ဘာ ၂၂ ရက်က အကြမ်းဖက်သမားများ စက်သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးသေဆုံးပြီး ကလေးငယ်ငါးဦးအပါအဝင် ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိသူများအနက် သုံးဦး၏အခြေအနေမှာ စိုးရိမ်ဖွယ်ရှိကြောင်း ဘက်လန်ပြည်နယ် ဆေးရုံညွှန်ကြားရေးမှူး ကာလီနမ်ဂိုက ဆင်ဟွာသို့ဖုန်းဖြင့်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်ရဲစခန်း၌ အသေခံဖောက်ခွဲ လေးဦးသေဆုံး ငါးဦးဒဏ်ရာရရှိ

ကဘူးလ် ဒီဇင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပတ်တီကာပြည်နယ်ရှိ ဂါဒက်ဇ်မြို့ရဲစခန်းတစ်ခုကို ဒီဇင်ဘာ ၂၁ရက်က အသေခံဖောက်ခွဲရေးသမားများ ဝင်ရောက်စီးနင်းတိုက်ခိုက်သဖြင့် လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြောကြားသည်။

အသေခံဖောက်ခွဲရေးသမားငါးဦးသည် ဂါဒက်ဇ်မြို့ရှိ စျေးအတွင်းခြေကုပ်ယူကာ ရဲစခန်းကို ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သားသုံးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ တာလီဘန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

မိုဆူးလ်မြို့၌ အကြမ်းဖက်ပစ်ခတ်မှုဖြစ်ပွား

မိုဆူးလ် ဒီဇင်ဘာ ၂၃

မိုဆူးလ်မြို့အနောက်ပိုင်း ဟေအယ်လ်အက်ဟာဒေသ၌ ဒီဇင်ဘာ ၂၂ရက်က သေနတ်သမားများ၏ အကြမ်းဖက်ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည့် အခင်းဖြစ်ပွားရာနေရာကို ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးချထားပြီး စစ်ဆေးမေးမြန်းလျက်ရှိသည်။

သေဆုံး

အလားတူ အယ်လ်ဖာလာဒေသရှိ အကောက်ခွန်ဌာနမှ တပ်ဖွဲ့ဝင်တစ်ဦး မောင်းနှင်လာသည့်ကားကို သေနတ်သမားများက ပစ်ခတ်ပြန်ရာ တပ်ဖွဲ့ဝင်နောက်တစ်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး
အာဖဂန်နိုင်ငံ တည်ငြိမ်အေးချမ်းမှုနှင့် ဆက်စပ်နေ

ကဘူးလ် ဒီဇင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံသို့ရောက်ရှိနေသော ဧည့်သည်တော်ဘယ်လ်ဂျီယံဝန်ကြီးချုပ် ဟာမင်ဗင်ရွမ်ပွိုင်းက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမှာ အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့်ဆက်စပ်နေကြောင်း ဒီဇင်ဘာ ၂၀ရက်၌ ပြောကြားလိုက်သည်။

မိမိတို့ အစိုးရအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံကို အခိုင်အမာ ထောက်ခံကြောင်းဖြင့်လည်း ဘယ်လ်ဂျီယံဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

အာဖဂန်နစ္စတန်သည် တည်ငြိမ်အေးချမ်းသည့် နိုင်ငံဖြစ်သင့်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်း၏ တာဝန်ရှိသော အဖွဲ့ဝင်နိုင်ငံဖြစ်သင့်ကြောင်း၊ ဤသည်မှာ မိမိတို့စိတ်ဝင်စားသည့် ကိစ္စဖြစ်ကြောင်း၊ ကမ္ဘာ့အရပ်ရပ်က လိုလားနေသည့် ကိစ္စလည်းဖြစ်ကြောင်း ဘယ်လ်ဂျီယံဝန်ကြီးချုပ်က အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့်အတူ အာဖဂန်သမ္မတနန်းတော်၌ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပရာတွင် ထည့်သွင်းပြောကြားသွားသည်။

ဆုံးဖြတ်

ဘယ်လ်ဂျီယံအစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံတွင် ယင်း၏အရပ်ဘက်နှင့် စစ်ဘက် အားပေးထောက်ခံမှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောကြားသည်။ ဘယ်လ်ဂျီယံအစိုးရအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၉ခုနှစ်နှင့် ၂၀၁၀ခုနှစ်အတွက် နှစ်စဉ် ယူရိုငွေ ၁၂သန်း (အမေရိကန်ဒေါ်လာ ၁၇သန်း)အထိ အရပ်ဘက်ဆိုင်ရာ အကူအညီနှစ်ဆတိုးပေးသွားရန် ဆုံးဖြတ်ထားကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်အနောက်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား အရပ်သားနှစ်ဦး ပြင်းထန်စွာဒဏ်ရာရ

ကဘူးလ် ဒီဇင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရက်ပြည်နယ်၌ ဒီဇင်ဘာ ၂၂ ရက်က အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားပြီး (အပေါ်ပုံ) နေတိုးတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ယင်းဖြစ်ပွားမှုမှာ နေတိုးတပ်ဖွဲ့အား ပစ်မှတ်ထားကာ မော်တော်ဆိုင်ကယ်ဖြင့် အပြင်းမောင်းနှင်ကာ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

အီရတ်၌ ဗုံး ၄၉ လုံး သိမ်းဆည်းရမိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံ ရှလာအယ်လ်ဒင်ပြည်နယ် အယ်လ်ရှာဂတ်ဒေသတွင် ဒီဇင်ဘာ ၂၂ရက်က အီရတ်တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း ဗုံး ၄၉လုံးကို သိမ်းဆည်းရမိခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းပြည်နယ်၌ပင် သီးခြားပြုလုပ်သော စစ်ဆင်ရေးတစ်ရပ်၌ တူရကီနိုင်ငံသို့ သွယ်တန်းထားသည့် ရေနံပိုက်လိုင်း ဗုံးထောင်သူတစ်ဦးအား ဖမ်းဆီးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဖလူးဂျာ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာရှိ ဖလူးဂျာမြို့၌ ကားဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အယ်လ်-အဒီးဒေသတွင် ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိကာ ဘာလာဒီယတ်မြို့နှင့် ခါရာဒါခရိုင်တို့၌ လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အရပ်သားလေးဦး ဒဏ်ရာရရှိကြောင်းနှင့် အယ်လ်မူသာနာလေဆိပ်အနီးတွင် ကားတစ်စီးလမ်းဘေးဗုံးနင်းမိသဖြင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိသွားသည်။

(အင်တာနက်)

ပက်ရှ်ဝါ၌ဗုံးပေါက်ကွဲမှု လေးဦးသေဆုံး၊ ၁၇ဦးဒဏ်ရာရရှိ

ကရာချိ ဒီဇင်ဘာ ၂၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ သတင်းဌာနကို ပစ်မှတ်ထားကာ ဒီဇင်ဘာ ၂၂ ရက်တွင် အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိကြောင်း(အေအက်ဖ်ပီ)သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ပျက်စီး

ယင်းဖြစ်ပွားမှုသည် ၎င်းအဆောက်အအုံ၏လုံခြုံရေးဂိတ်ဝ၌ ဖောက်ခွဲရေးသမားသည် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးပါဝင်ပြီး သတင်းစာဆရာလေးဦး ပြင်းထန်စွာဒဏ်ရာရရှိပြီး အဆောက်အအုံနှင့် အနီးရှိမော်တော်ယာဉ်များ ပျက်စီးခဲ့သည်။ ပါကစ္စတန်၌ ယခင်သမ္မတဟောင်း ပါဗက်မူရှာရက်ဖ်ပြုတ်ကျပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ယီမင်၌ လေကြောင်းမှတိုက်ခိုက် အရပ်သား ၁၈ဦးသေဆုံး

ယီမင် ဒီဇင်ဘာ ၂၃

ယီမင်နိုင်ငံ မြောက်ပိုင်းကျေးရွာများသို့ ဒီဇင်ဘာ ၂၁ရက်က ဆော်ဒီလေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သား ၁၈ဦးသေဆုံးကြောင်း၊ သေဆုံးသူအားလုံးမှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပါရှိ

အယ်ရာဇစ်၊ အယ်နာဇာ၊ အယ်မာလာဟတ်ကျေးရွာများနှင့် ဂါမာဒေသသို့ ဒီဇင်ဘာ ၂၁ရက်တည်းတွင် အကြိမ် ၄၀ကျော် ဆော်ဒီလေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ယင်းသတင်း၌ ပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၂၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၇၆၂ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၃၁၇၀ ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၇၆၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၃၁၇၀ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဒီဇင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၂၃ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၄၀၀ ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၁၁၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၄၀၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၁၁၃ ဦး

(အင်တာနက်)

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဆော်ဩ

ဂျီနီဗာ ဒီဇင်ဘာ ၂၃

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် (အမ်ဒီဂျီအက်စ်)များ ပြည့်မီအောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဒီဇင်ဘာ ၂၁ ရက်၌ ဆော်ဩလိုက်သည်။

ထောင်စုနှစ် ရည်မှန်းချက်များကို အောင်မြင်အောင် ဖြည့်ဆည်းပေးနိုင်ရေး အတွက် ဆတက်ထမ်းပိုးတိုး၍ တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် အဆိုပါထိပ်သီး အစည်းအဝေးသည် အလွန်အမင်းအရေးပါကြောင်းလည်း ဘန်ကီမွန်းက ပြောကြားသွားသည်။

တက်ရောက်

၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးသည် ကုလသမဂ္ဂ အထွေထွေညီလာခံ နှစ်ပတ်လည် အစည်းအဝေးအစနှင့် တိုက်ဆိုင်နေသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံအစပိုင်း၌ ကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးသို့ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်လေ့ရှိကြသည်။

ပြောကြား

ကမ္ဘာ့ခေါင်းဆောင်များ ၂၀၀၀ပြည့်နှစ်က ချမှတ်ခဲ့သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များသည် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှု၊ မိခင်နှင့်ကလေး သေဆုံးမှုမှသည် ပညာရေးနှင့် ကျန်းမာရေးညံ့ဖျင်းမှု အထိရှိသည့် လူမှုဒုက္ခများကို လျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်သည်ဟုလည်း ကုလသမဂ္ဂအတွင်းရေး မှူးချုပ်က ပြောကြားသည်။

(အင်တာနက်)

ဥရောပတစ်ခွင် နှင်းမုန်တိုင်းများတိုက်ခတ်

အပူချိန်ရေခဲမှတ်အောက်ရောက်ရှိ လူ ၈၀ ကျော်သေဆုံးခဲ့

ဝါဆော ဒီဇင်ဘာ ၂၃

ဥရောပတိုက်တစ်ဝန်းတွင် ရက်အတန်ကြာမျှ ဆီးနှင်းမုန်တိုင်းများတိုက်ခတ်ပြီး အပူချိန်ရေခဲမှတ်အောက်ရောက်ရှိနေသဖြင့် လူ ၈၀ကျော် သေဆုံးသွားရကြောင်း၊ သန်းပေါင်းများစွာသော မော်တော်ယာဉ်များ အသွားအလာ ကြန့်ကြာသွားခဲ့ရကြောင်း ဒီဇင်ဘာ ၂၂ ရက်၌ ဆင်ဟွာကဖော်ပြသည်။

ပိုလန်နိုင်ငံတွင် အအေးလွန်ကဲလွန်းသဖြင့် လွန်ခဲ့သည့်သုံးရက်အတွင်း ၄၂ ဦး ထက်မနည်းသေဆုံးသွားပြီး ယူကရိန်းနိုင်ငံတွင် ၂၇ ဦးသေဆုံးသွားရကြောင်းလည်းသိရသည်။

အပူချိန်

ဩစတြီးယား၊ ဖင်လန်နှင့် ဂျာမနီနိုင်ငံတို့တွင် လမ်းပိတ်ဆို့ပြီး ယာဉ်တိုက်မှုများဖြစ်ပွားရာ ၁၃ ဦးသေဆုံးသွားကြောင်း၊ ယင်းနိုင်ငံများတွင် အပူချိန်မှာ ရေခဲမှတ်အောက် ၃၃ ဒီဂရီစင်တီဂရိတ် (ရေခဲမှတ်အောက် ၂၇ဒီဂရီဖာရင်ဟိုက်) ရှိကြောင်းလည်း သတင်းရရှိသည်။

ပြတ်တောက်

ဥရောပတိုက် မြောက်ပိုင်းတစ်ခွင်တွင် လေကြောင်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးနှင့် မော်တော်ကား သယ်ယူပို့ဆောင်ရေးများ ပြတ်တောက်သွားကြောင်း၊ လာမည့်ရက်များအတွင်း ဆီးနှင်းများ ဆက်ကျနေဦးမည်ဖြစ်ကြောင်းလည်း သိရသည်။

စွန့်ခွာ

ဗြိတိန်နိုင်ငံတောင်ပိုင်းရှိ လမ်းအများအပြားတွင် ယာဉ်အသွားအလာများ ရပ်တန့်သွားပြီး ယာဉ်တိုက်မှုများဖြစ်ကာ လူများက မိမိတို့ယာဉ်များကို စွန့်ခွာသွားကြရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဆီးနှင်းများ ထူထပ်စွာကျဆင်း

အီတလီနိုင်ငံ မီလန်မြို့၌ ဆီးနှင်းများ ထူထပ်စွာကျရောက်လျက်ရှိသည်ကို ဒီဇင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

၂၀၁၀ခုနှစ်၌ အင်ဒိုနီးရှား ဆန်ထုတ်လုပ်မှု တိုးမြှင့်မည်

ဂျကာတာ ဒီဇင်ဘာ ၂၃

အင်ဒိုနီးရှားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုမှာ ယခုနှစ်အတွင်း တန်ချိန် ၆၃ ဒသမ၈၄ တန်ရှိရာမှ လာမည့် ၂၀၁၀ခုနှစ်တွင် ယခုထက်ပို၍ ငါးရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၃ရက်၌သတင်းထုတ်ပြန်သည်။

တင်ပို့

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နှစ်စဉ်ပြည်ပသို့ဆန်တန်ချိန် ငါးသိန်းကျော်တင်ပို့လျက်ရှိပြီး ဆန်စပါးစိုက်ပျိုးမြေ ဟက်တာ ၁၂ ဒသမ ၅သန်းခန့်ရှိကြောင်း ယင်းသတင်း၌ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

အမေရိကန်အာရီဇိုးနားပြည်နယ်၌ ဖုန်မုန်တိုင်းကျရောက်

အမေရိကန်ပြည်ထောင်စု အာရီဇိုးနားပြည်နယ် ကာဆာဂရန်ဒီအနီးတွင် ဒီဇင်ဘာ ၂၂ရက်က ဖုန်မုန်တိုင်းကျသဖြင့် (အပေါ်ပုံ)မော်တော်ယာဉ်ပေါင်းစုံ တသီတတန်းတိုက်မိကြရာမှ ရဲအရာရှိများက ယာဉ်သွားလာမှုများကို ရပ်တန့်ထားလိုက်ရသည်ဟု သတင်းရရှိသည်။ ယာဉ်မောင်းအများအပြား သေဆုံးပြီး အချို့ကို ဒေသန္တရဆေးရုံသို့ တင်ပို့လိုက်ရသည်။

တရုတ်လမ်းဘေးဈေးအနီး မီးလောင်၊ ခုနစ်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ချာလင်းစီရင်စုရှိ လမ်းဘေးဈေးတစ်ဈေး၌ ဒီဇင်ဘာ ၂၂ ရက် စောစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း၊ ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆုမတြားပြည်နယ်၌ ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆုမတြားပြည်နယ်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၁အဆင့်ရှိသည့် မြေငလျင်တစ်ခု ဒီဇင်ဘာ ၂၃ ရက် နံနက်က လှုပ်သွားကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဘူမိရူပဌာနက ဂျကာတာမြို့၌ သတင်းထုတ်ပြန်သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်း ကူဝိတ်နိုင်ငံ၌တွေ့ရှိ

ရေနံကြွယ်ဝသည့် ကူဝိတ်နိုင်ငံသည် နိုင်ငံ၏အနောက်မြောက်ပိုင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းတစ်တွင်း တွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၂ရက်က ကြေညာသည်။ ကူဝိတ်နိုင်ငံအနေဖြင့် ၂၀၂၀ပြည့်နှစ်တွင် တစ်နေ့လျှင် ရေနံစိမ်းစည် လေးသန်း ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ဖြင့် ကြိုးပမ်းလုပ်ဆောင်နေသည့်အချိန်၌ ယင်းရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

လက်နက်ဖျက်သိမ်းရေးညီလာခံ နယူးဇီလန်တက်ရောက်မည်

နယူးဇီလန်နိုင်ငံသည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် လာမည့်နှစ်၌ ကျင်းပမည့် ကလပ်စတာ လက်နက်ခဲယမ်းမီးကျောက်များ ဖျက်သိမ်းရေးဆိုင်ရာ ပထမအကြိမ် ညီလာခံကို တက်ရောက်မည်ဖြစ်ကြောင်း နယူးဇီလန်လက်နက်ဖျက်သိမ်းရေးနှင့် ထိန်းချုပ်ရေးဝန်ကြီး ဂျော်ဂျီနာတီဟူးဟူးက ဒီဇင်ဘာ ၂၃ရက်တွင် ပြောကြားသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းနေချိန် အိုပက်ရေနံထုတ်လုပ်မှုထိန်းထားမည်

ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)သည် ယင်း၏လက်ရှိ ရေနံထုတ်လုပ်မှုအဆင့်ကို ဆက်ထိန်းထားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားစွမ်းအင်နှင့် ရေနံဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်၌ ကြေညာသည်။ ကမ္ဘာ့စီးပွားရေးကျဆင်းနေခိုက်တွင် အိုပက်၏ရေနံထုတ်လုပ်မှုခွဲတမ်းကို မပြောင်းလဲဘဲ လက်ရှိအတိုင်း ဆက်ထိန်းထားရန် အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့တွင် ကျင်းပသည့် (၁၅၅)ကြိမ်မြောက် အိုပက်ဝန်ကြီးအဆင့် အစည်းအဝေးက ဆုံးဖြတ်သည်ဟုလည်း အဆိုပါဝန်ကြီးဌာန၏ ကြေညာချက်၌ ထည့်သွင်းဖော်ပြထားသည်။

လေယာဉ်သစ် ၂၅ စင်း မလေးရှားဝယ်ယူမည်

မလေးရှားလေကြောင်း (အမ်အေအက်စ်)သည် အမေရိကန်ဒေါ်လာ ငါးဘီလီယံဖိုးရှိ အေ ၃၃၀-၃၀၀ အမျိုးအစား လေယာဉ်သစ် ၂၅ စင်းဝယ်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ထိုသို့ဝယ်ယူရေးအတွက် အမ်အေအက်စ်နှင့် အဲယားဘတ်စ်ကုမ္ပဏီတို့ ဒီဇင်ဘာ ၂၂ ရက်က နားလည်မှုစာချွန်လွှာချုပ်ဆိုခဲ့သည်။

ဂျော်ဂျီယာနှင့် ရုရှားအကြား လေကြောင်းပျံသန်းမည်

အဲယားဇီနာ-ဂျော်ဂျီယာလေကြောင်းလိုင်းသည် ဂျော်ဂျီယာနှင့် ရုရှားတို့အကြား လေယာဉ်ပျံသန်းခွင့် ရရှိတော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ဒီဇင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စတန်ဘူလ်၌ ဓာတ်ငွေ့အိုးပေါက်ကွဲ၊ လေးဦးဒဏ်ရာရ

တူရကီနိုင်ငံတွင် အကြီးဆုံးမြို့တစ်မြို့ဖြစ်သည့် အစ္စတန်ဘူလ်မြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ ဒီဇင်ဘာ ၂၂ရက်က ဓာတ်ငွေ့အိုးပေါက်ကွဲရာမှ (အောက်ပုံ) လေးဦးဒဏ်ရာ ရရှိသွားကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် အနာတိုလီယာသတင်းဌာနက ဒီဇင်ဘာ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။ (အင်တာနက်)

24-12 (05).pmd 1 12/24/2009, 12:33 AM

နာမည်ကျော် ဝမ်းတွင်းစက်ရက်ကန်းထုတ် လုံချည်များ။ (မြန်မာ့အလင်း)

■ *ကျော့ဖုံးမှ*

စိုက်ပျိုးရေ

ဝမ်းတွင်းမြို့နယ်တွင် မိုးစပါး ၁၀၈၄၄၃ ဧက၊ ဝါမျိုးစုံ ၁၉၂၆၇ဧက၊ ပဲစင်းငုံ ၃၅၅၂ ဧက၊ ပဲတီစိမ်း ၆၉၃၅ ဧက၊ မြေပဲ ဧက ၉၆၂၀၊ နေကြာ ၂၀၂၁၂ ဧက၊ နှမ်း ၅၀၃၉၆ ဧကနှင့် ကုလားပဲ ၃၀၈၈၃ ဧက စိုက်ပျိုးခဲ့သည်။ ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေ ရရှိရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရဦးဆောင်၍ ဆည်မြောင်းဌာန ကျေးလက်ပြည်သူ ပူးပေါင်း၍ သဖန်းကန်၊ ရွှေလုံးကန်၊ ဇီးတောမြောင်း၊ ဝမ်းတွင်းဆည်၊ ရွှေဖလားကန်၊ ကျောက်ပေါက်ဆည်၊ မြကန်၊ ပင်းတလဲဆည်၊ ခံဘဲ့ သောက်ရေကန်၊ ဇချမ်းကုန်းသောက်ရေကန်၊ လယာကန်၊ အင်းကုန်းဆည်၊ စမုံနဘဲကန် သောက်ရေကန်၊ သီးကုန်းကျေးရွာ အရှေ့ ရိုးကန်များကို ဆည်ရေသောက်၊ ကန်ရေသောက် ရေရရှိရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ပြုပြင်ဆည်ဖို့ခဲ့သည်။

သောက်သုံးရေ

ဝမ်းတွင်းမြို့နယ်အတွင်း သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝမ်းတွင်းမြို့ အနောက်မြောက်ဘက် တစ်မိုင်အကွာ ကျောင်းကုန်းအုပ်စု၊ ထနောင်းကုန်းကျေးရွာတွင် ထနောင်းကုန်းကျေးရွာနှင့် ကျောင်းကုန်းကျေးရွာပြည်သူများ သောက်သုံးရေနှင့် ကျွဲ၊ နွား သောက်သုံးရန် သောက်ရေကန် တစ်ကန် တူးဖော်ပေးခဲ့သည်။ ထို့အပြင် ထနောင်းကုန်းကျေးရွာ ပြည်သူများနှင့် ကျောင်းကုန်းကျေးရွာပြည်သူများ တစ်နှစ်ပတ်လုံး သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ယခုတူးဖော်ထားသည့် မေတ္တာကန် အနောက်ဘက်တွင် သောက်ရေကန်ကြီးတစ်ခုကိုလည်း ဆက်လက်တူးဖော်ပေးနေသည်။ ထနောင်းကုန်းရွာနှင့် ကျောင်းကုန်းကျေးရွာ ပြည်သူများမှာ သောက်သုံးရေနှင့် ကျွဲ၊ နွား သောက်သုံးရေ ဖူလုံစွာ ရရှိနေသဖြင့် ဝမ်းမြောက်ပျော်ရွှင်နေကြပေပြီ။

ဝမ်းတွင်းမြို့ မြောက်ဘက် နှစ်မိုင်အကွာတွင် ရန်ကုန်-မန္တလေးကားလမ်းဘေး၌ ထိန်ကန်ကြီးရှိသည်။ ၎င်းထိန်ကန်ကြီးမှာ လွန်ခဲ့သော ၁၇နှစ်ကစ၍ ကောနေသဖြင့် စိုက်ပျိုးရေမရရှိဘဲ ဖြစ်နေခဲ့သည်။ ထိုကောနေသော ထိန်ကန်ကြီးကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မတည်ငွေကျပ် သိန်း၄၀၊ ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရန်ပုံငွေ ကျပ်သိန်း ၄၀နှင့် ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၁၀သိန်းတို့ဖြင့် ပြန်လည်တူးဖော်နေပြီ ဖြစ်သည်။ ထိန်ကန်ကြီး ပြီးသွားပါက ထနောင်းကုန်း၊ ကျောင်းကုန်း၊ မြေတိုင်ကန်၊ ခင်ကြီး၊ ခင်ပန်းကျေးရွာများမှ လယ်ဧက ၅၀၀ကျော်အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ဝမ်းတွင်းမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး အဖြစ် ၂၀၀၉-၂၀၁၀ခုနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်းများအဖြစ် သဲတော-ရိုးစုံလမ်း ကျောက်ချောခင်းခြင်း၊ သဖန်း-ပင်းတလဲ လမ်းပြုပြင်ခြင်း၊ သဲတော-ရိုးစုံလမ်းပြုပြင်ခြင်းလုပ်ငန်းများကို ငွေကျပ် ၆၆၄၁၇၉၀၀ အကုန်အကျခံ ပြုပြင်ခဲ့သည်။



ဝမ်းတွင်းမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို မြစ်သားမြို့နယ်အထိ အရှည် ၁၁မိုင်ကျော်ကို ကျောက်ချောလမ်းအဖြစ် ဤသို့ ဖောက်လုပ်ထားသည်။ (မြန်မာ့အလင်း)

တူးဖော်ပြုပြင်

သောက်သုံးရေ ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် သဘွတ်ကုန်းနှင့် မြောက်ဇချမ်းကုန်းကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်ပေးခြင်း၊ သပြေရိုးကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ငွေကျပ် ၁၀၂၇၄၆၀၀ အကုန်အကျခံ၍ တူးဖော်ပြုပြင်ခဲ့သည်။

စိုက်ပျိုးရေ ရရှိရေးအတွက် ကျောင်းကုန်း၊ ပင်းတလဲ၊ အောင်သာ၊ ရွှေတောင်၊ ကျွဲတပ်၊ ကျွတ်ကန်၊ နဘဲကန်၊ ညောင်ပင်သာ၊ လိန်ပင်ကျေးရွာများရှိ ဆည်မြောင်းကန်ချောင်းများကို ငွေကျပ် သိန်းပေါင်း ၁၇၀၂ အကုန်အကျခံ၍ ပြုပြင် ဆည်ဖို့ခဲ့သည်။

မြို့နယ်လုံးကျွတ်

ဝမ်းတွင်းမြို့ပေါ် ရေတွင်းများမှာလည်း ရေချိုမထွက်ဘဲ ရေငန်သာထွက်ရှိရာ သောက်သုံးရေ အခက်အခဲကြုံတွေ့ခဲ့ကြရသည်။ ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်းတွင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၆၉ အုပ်စု၊ ကျေးရွာပေါင်း ၂၁၈ ရွာရှိသည့်အနက် ရေလုံးဝမရသည့် ကျေးရွာ ၁၅ ရွာ၊ သောက်သုံးရေ မလုံလောက်သည့် ကျေးရွာ ၁၁၉ ရွာနှင့် သန့်ရှင်းသောရေ မရသည့် ကျေးရွာခုနစ်ရွာ စုစုပေါင်း ၁၄၁ရွာအား ၁၀နှစ် စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ခဲ့ရာ စီမံကိန်းကာလထက် ငါးနှစ်စော၍ ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး ဝမ်းတွင်းမြို့နယ်အတွင်း မြို့နယ်လုံးကျွတ် ရေရရှိရေး ဆောင်ရွက်ပြီးစီးခဲ့သည်။

ယခုအခါ ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ၏ လူဦးရေနှင့် အိမ်ခြေအရ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် စီမံချက်ချ ဆောင်ရွက်နေသည်။ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း မြောက်ဇချမ်းကုန်းနှင့် သဘွတ်ကုန်းကျေးရွာတို့တွင် လေးလက်မစက်ရေတွင်းနှစ်တွင်း တူးဖော်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ဝမ်းတွင်းမြို့နယ်အတွင်း လူဦးရေနှင့် အိမ်ခြေများသော ကျေးရွာများတွင် စက်ရေတွင်းနှစ်တွင်းစီ တူးဖော်ပေးရန် စီစဉ်ဆောင်ရွက်နေသည်။

စက်ရေတွင်း

ဝမ်းတွင်းမြို့ သောက်သုံးရေ အခက်အခဲကို ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဝမ်းတွင်းမြို့၏ အနောက်တောင်ဘက် တစ်မိုင်ခွဲအကွာ ရန်ကုန်-မန္တလေး ကားလမ်းဘေးတွင် ရှစ်လက်မပိုက်ဖြင့် စက်ရေတွင်းတူးဖော်ရာ တစ်နာရီ ရေဂါလန် ၁၀၀၀၀ ကျော်ထွက်ရှိပြီး ရေအရည်အသွေးမှာလည်း သောက်သုံးရန်သင့်ကြောင်း စမ်းသပ်ရရှိခဲ့သည်။ ထို့ကြောင့် အဆိုပါနေရာမှ မြို့ရေပေးရေး လုပ်ငန်းကို စီမံချက်ချ၍ အကောင်အထည်ဖော်လျက်ရှိသည်။

စီစဉ်ထား

ဝမ်းတွင်းမြို့ ရေပေးရေး စီမံချက်ကို ငါးနှစ်စီမံကိန်းခွဲ၍ အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားသည်။ ပထမ ငါးနှစ်စီမံကိန်းအဖြစ် ၂၀၀၉-၂၀၁၀ မှ ၂၀၁၄-၂၀၁၅ အထိ၊ ဒုတိယငါးနှစ် စီမံကိန်းမှာ ၂၀၁၅-၂၀၁၆ မှ ၂၀၁၉-၂၀၂၀ အထိဖြစ်သည်။ ပထမငါးနှစ် စီမံကိန်းကာလတွင် ရေရှားပါးသော ဝမ်းတွင်း (၁) နှင့် ဝမ်းတွင်း (၂) ရပ်ကွက်အတွက်



မန္တလေးတိုင်း ဝမ်းတွင်းမြို့အဝင်မုခ်ဦးက ဤသို့ သပ်ရပ် လှပစွာကြိုဆိုနေသည်။ (မြန်မာ့အလင်း)

၈ လက်မ စက်ရေတွင်း ငါးတွင်းဖြင့် ရေတင်ပန့်၊ ရေစုကန်၊ ရေလှောင်ကန်၊ ရေတင်ပိုက်လိုင်း၊ ရေဖြန့်ပိုက်လိုင်း အများသုံးရေတိုင် ၅၀နှင့် အုတ်ရေကန် ၁၂ လုံး၊ အိမ်သွယ်ရေတိုင် ၃၀၀၀နှင့် ရေစက်မော်တာသုံးလုံးတို့ဖြင့် ပေးဝေရန် စီစဉ်ထားသည်။

ဝမ်းသာမဆုံး

ရေရှားပါးနေသည့် ဝမ်းတွင်းမြို့မှာ ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်မြို့လုံး သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်သည်။ ၁၀ နှစ်အတွင်း သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိတော့မည်ဖြစ်၍ မြို့နေပြည်သူများမှာ ဝမ်းသာမဆုံး ရှိကြသည်။

စက်ရက်ကန်း

ဝမ်းတွင်းမြို့၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စက်ရက်ကန်းဖြစ်သည်။ စက်ရက်ကန်းဖြင့် ချည်ထည်များ ရက်လုပ်ကြသည်။ ဝမ်းတွင်းထုတ် လုံချည်များမှာ နာမည်ကျော်ကြား လူကြိုက်များသည်။ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေသည်။ အဓိက ဈေးကွက်ဖြစ်သော ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ဖြန့်ချိသည်။

ဝမ်းတွင်း စက်ရက်ကန်းလုပ်ငန်းကို ၁၉၅၆ ခုနှစ်က စတင်ခဲ့ရာ ထိုစဉ်က ရွှေဒေါင်းအထည်စက် တစ်စက်သာ ရှိခဲ့သည်။ ထို့နောက် တဖြည်းဖြည်း စက်ရက်ကန်းစင်များ၊ အလုပ်ရုံများ တိုးပွားလာခဲ့သည်။ ယခု ဝမ်းတွင်းမြို့နယ်တွင် စက်ရက်ကန်းစင်ပေါင်း ၄၀၀၀ကျော်ရှိသည်။ စက်ရက်ကန်းလုပ်ငန်းကို ဝမ်းတွင်း၊ သဲတော၊ ဇချမ်းကုန်း၊ တမာကုန်း၊ လျှော်ပင်၊ ရကန်း၊ လိမ်ပင်၊ ရေခဲ့ကျေးရွာများအထိ ရက်လုပ်ကြသည်။

ကုန်ကြမ်း

ဝမ်းတွင်း စက်ရက်ကန်းလုပ်ငန်းမှ ကုန်ကြမ်းချည်ထုပ်များကို အိန္ဒိယ၊ တရုတ်၊ မန္တလေးစက်ရုံထုတ် ချည်ထုပ်များကို ဝယ်ယူရက်လုပ်ကြသည်။ ချည်ထုပ်တစ်ထုပ်ပေါက်ဈေးမှာ ငွေကျပ်၁၅၀၀၀ မှ ငွေကျပ် ၁၆၀၀၀ ရှိသည်။

တည်ထောင်ရက်လုပ်

သတင်းခရီးသမားသည် ဝမ်းတွင်းမြို့ နာမည်ကြီး သိန်းအထည်စက်ရုံသို့ သွားရောက် လေ့လာခဲ့သည်။ သိန်းအထည်စက်ရုံမှာ ဝမ်းတွင်းမြို့ အမှတ်(၁)ရပ်ကွက်တွင် တည်ရှိသည်။ စက်ရုံပိုင်ရှင်မှာ ဦးသန်းမြင့်နှင့် ဒေါ်မိမိတို့ဖြစ်သည်။ လူငယ်စီးပွားရေး လုပ်ငန်းရှင်များဖြစ်သည်။ သိန်းအထည်စက်ရုံတွင် စက်ရက်ကန်းသံတည်ညံဖြင့် ရက်လုပ်နေကြသည်။ သိန်းအထည်စက်ရုံမှ ကျားလုံချည်ကို ဂန့်ဂေါနှင့် ပလေကပ်လုံချည်များသာ ရက်လုပ်သည်။ သိန်းအထည်စက်ရုံကို ၁၉၆၂ခုနှစ်က တည်ထောင်ရက်လုပ်ခဲ့သည်။ သိန်းအထည်စက်ရုံမှ ကျားလုံချည်၁/၄၀×၁/၄၀ တစ်မျိုးသာ ရက်လုပ်သည်။ ကျားလုံချည် တစ်ထည် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ဖြန့်ချိသည်။

ထုတ်လုပ်ဖြန့်ချိ

အမျိုးသမီးဝတ် လုံချည်များကို ကြိုးကြာ၊ ပုလဲမေ၊ ပန်းစံပယ်၊ သံစဉ်မိတ်၊ ရွှေလက်ရာ၊ ငွေနှင်းမှုန်၊ ဆောင်းနှင်းပွင့် စသောတံဆိပ်များဖြင့် ထုတ်လုပ်ဖြန့်ချိသည်။ အမျိုးသမီးဝတ် လုံချည်များကို ၁/၄၀×၁/၄၀ တစ်ထည် ငွေကျပ်၂၀၀၀၊ ၁/၄၀×၁/၂၀ တစ်ထည် ငွေကျပ် ၁၈၀၀ နှင့် ၁/၂၀×၁/၂၀ လုံချည်များကို ငွေကျပ် ၁၆၀၀ဖြင့် ဖြန့်ချိပေးသည်။ သိန်းအထည်စက်ရုံမှ ထုတ်လုပ်သော ကျား/မ လုံချည်များကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ မကွေးမြို့များသို့ လက်လီလက်ကား ဖြန့်ချိနေကြောင်း သိရသည်။ ဝမ်းတွင်းမြို့ သဲတောတွင် စက်ရက်ကန်းအလုပ်ရုံ ၁၀ရုံခန့်ရှိကြောင်း သိရသည်။

ထိုရက်ကန်းစက်ရုံများ လည်ပတ်နေသည့်အတွက် မြို့ပေါ်နှင့် ကျေးလက်ပြည်သူများမှာ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းနေကြောင်း သတင်းစကားကြားသိရသည်။ ဝမ်းတွင်းတစ်မြို့လုံး စက်ရက်ကန်းသံ တည်ညံဖြင့် ချည်ထည်များ ထုတ်လုပ်နေသည်ကို အားရဖွယ် မြင်တွေ့ခဲ့ရပါကြောင်း ကျေးလက်ဖွံ့ဖြိုး၊ စက်ရက်ကန်းတို့ဖြင့် အလှဝေဖြာတိုးနေသော မြို့ဝမ်းတွင်း ကို သတင်းခရီးတစ်ထောက်စေ့ငု တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

(၁၇)နှစ်ကြာမျှ ကောနေခဲ့သည့် ဝမ်းတွင်းမြို့နယ်ရှိ ထိန်ကန်ကြီးကို မန္တလေးတိုင်း၏ အစီအစဉ်ဖြင့် ယန္တရားများအသုံးပြုကာ ပြန်လည်တူးဖော်ခဲ့သည်မှာ....။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ ခုနှစ် ပြာသိုလဆန်း (၉)ရက်

၂၄-၁၂-၂၀၀၉

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက
- ၈:၀၅ ၇။ အရေးပြိုင်ပွဲ
- ၈:၁၅ ၈။ အကပဒေသာ
- ၈:၃၀ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ **မပြောမပြီး မတီးမမြည်**
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အတီးပြိုင်ပွဲ
- ၄:၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၁၅ ၇။ ပြည်သူ့နီတိ **ကိုယ်ချင်းစာ**
- ၅:၄၅ ၈။ မူဟန်သွယ်သွယ် ဆိုကြမယ်
- ၅:၅၅ ၉။ **မိမိဆန္ဒအလျောက် နှစ်သိမ့် ဆွေးနွေးခြင်းနှင့် HIV ပိုးရှိမရှိ စစ်ဆေးခြင်း**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ပျော်ရွှင်စေသော နေ့ရက်များ **ကျွန်တော်နှင့် ကောက်ညှင်းပေါင်း** မိုးမိုး၊ သူရလင်း၊ သဇင်၊ ယမင်းမြင့်သိန်း၊ ကစ်ကစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၃၅ ၁၃။ **ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း**
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်**(အပိုင်း-၂၃)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၂)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆)

စာဆိုတော်နေ့အထိမ်းအမှတ် နမ့်ဆန်တွင် စာပေဟောပြော

နမ့်ဆန် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ၁၃၇၁ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် ပထမအကြိမ် စာပေဟောပြောပွဲကို နိုဝင်ဘာ၂၇ရက် မွန်းလွဲ ၁နာရီက နမ့်ဆန်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာမြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌထံမှ ပေးပို့သည့် စာဆိုတော်နေ့သဝဏ်လွှာကို ဆရာမဒေါ်ခင်ဝင်းကြည်က ဖတ်ကြားပြီး တပ်မတော် အချိုခြောက်စက်ရုံမှူး ဦးသန်းထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တအာင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ သီပေါကိုလတ်၊ စာရေးဆရာ ဇော်ခိုင်ဦးနှင့် ဦးဘုန်း(ဓာတု)တို့က စာပေရေးရာများ ဟောပြောကြသည်။

(စာပေနှင့်စာနယ်ဇင်း)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးချ

ချိုသာပြေပြစ်မှု၊ လုံခြုံမှုနှင့် လျှင်မြန်ချောမွေ့မှု အလေးထား

နေပြည်တော် ဒီဇင်ဘာ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်၌ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ် အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က မြန်မာ့စီးပွားရေးဘဏ်၏ ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ဘဏ်ငွေပေး အမိန့်ချလန်လုပ်ငန်းအပါအဝင် ဘဏ်လုပ်ငန်းများကို နေပြည်တော်ကို ဗဟိုထားပြီး တစ်နိုင်ငံလုံးကွန်ရက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အလေးထားဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေးငွေရေး၊ ကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို လိုအပ်သလို အသုံးချခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက် ထက်မြက်လာသကဲ့သို့ ဌာနနှင့်ဆက်သွယ်သူ ပြည်သူများအတွက်လည်း လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း၊ ပြည်သူများအပေါ် ချိုသာပြေပြစ်မှု၊ လုံခြုံစိတ်ချရမှု၊ လျှင်မြန်မှုနှင့် အဆင်ပြေချောမွေ့မှုတို့ကို အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဝန်ကြီးသည် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် နိုဝင်ဘာ ၅ရက်က မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည့် ဝိန်းနေ-ဝိန်းကောင်းလမ်းတွင် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပထမဆုံး ဂျင်ဆင်းနှင့် လင်ဇီး သက်စောင့်အားဆေး ဟာဂျင်း(HAGIN)

မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

Medi Max Trading Co.,Ltd. က ကျင်းပသော ပထမဦးဆုံး ကိုရီးယားဂျင်ဆင်းနှင့် လင်ဇီးသက်စောင့်အားဆေး ဟာဂျင်း(HAGIN) ၏ မိတ်ဆက်ညှော်ခံညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပရာ အခမ်းအနားသို့ဆေးဆိုင်ကြီးများ၊ စာနယ်ဇင်းများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် Medi Max Trading Co.,Ltd. မှ Managing Director ဒေါက်တာဇော်ထွန်းအေး **(အောက်ပုံ)** က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကိုရီးယားနိုင်ငံ Korean Ginseng Research Co., Ltd. မှ Mr. U Chan Kim က အားဆေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

HAGIN အားဆေးမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီး ကိုရီးယားနိုင်ငံမှ တင်သွင်းသည့် ပထမဦးဆုံး ဂျင်ဆင်းနှင့် လင်ဇီး ပေါင်းစပ်ထားသော သက်စောင့်အားဆေးဖြစ်ပြီး ဓာတုပစ္စည်းများမပါဝင်ဘဲ သဘာဝပစ္စည်းများဖြင့်သာ ထုတ်လုပ်ထားကြောင်း၊ ဂျင်ဆင်းနှင့်လင်ဇီးအပြင် သဘာဝ ဗီတာမင်အီး (Natural Vitamin E)၊ Royal Jelly (ပျားသုဒ္ဓါ)၊ ß Carotene (ဘီတာကယ်ရိုတင်း) အစရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ (Antioxidants) ကို အချိုးအစားမျှတစွာ ထည့်သွင်းဖော်စပ်ထားသဖြင့် ဘေးထွက်ဆိုးကျိုးကင်းစင်ပြီး သက်ရှည်နုပျိုကာ ကိုယ်ခံစွမ်းအားကို အထူးမြှင့်တင်ပေးကြောင်း သိရသည်။

ဆက်သွယ်နိုင်

HAGIN သက်စောင့်အားဆေးနှင့် ပတ်သက်၍ ဆက်သွယ်လိုပါက ဖုန်း-၅၅၉၅၁၈၊ ၅၅၂၇၂၀၊ ၅၁၁၁၃၇၊ ၀၉-၅၀-၁၅၃၅၄၊ ၀၉-၅၀-၇၉၃၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

Myanmar Golf Tour(2009-2010) IBTC OPEN Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ International Beverages Trading Co., Ltd.,(IBTC) က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009- 2010) ၏ ပဉ္စမပွဲစဉ်အဖြစ် IBTC OPEN Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၇နာရီခွဲက ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ဆုချီးမြှင့်

စတုတ္ထနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် ရန်ကုန်ဂေါက်ကွင်း အလုပ်အမှုဆောင် ဦးခိုင်စိုးသာက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA အဖွဲ့ အလုပ်အမှုဆောင် ဦးကိုကိုလေးက Professional အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် International Beverages Trading Co., Ltd., (IBTC)မှ Executive Director ဦးတင့်ဦးက အမျိုးသားအပျော်တမ်း ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် တတိယရရှိသော ဘိုဘိုလေး၊ စုစုပေါင်းရိုက်ချက် ၂၉၀ဖြင့် ဒုတိယရရှိသော စိုးမိုးဝင်း၊ စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် ပထမရရှိသောအောင်ဝင်း (မြန်မာ့လက်ရွေးစင်) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထပ်ဆောင်းဂုဏ်ပြု

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) က Professional Golfers ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၅ ချက် (-၃)ဖြင့် တတိယရရှိသော နိုင်နိုင်လင်း(Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၃ ချက် (-၅)ဖြင့် ဒုတိယရရှိသော စိုးကျော်နိုင်(Srixon)၊ စုစုပေါင်းရိုက်ချက် ၂၇၈ ချက်(-၁၀)ဖြင့် ပထမရရှိသော ဇော်ဇော်လတ်(Srixon) **(ဝဲပုံ)**တို့အား ဆုများကိုပေးအပ်ချီးမြှင့်၍ International Beverages Trading Co., Ltd.,(IBTC)မှ Executive Director ဦးတင့်ဦးက ပထမရရှိသော ဇော်ဇော်လတ် (Srixon)အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ထပ်ဆောင်း ဂုဏ်ပြုငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ကူညီပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co., Ltd.(IBTC) က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များ အဖြစ် Air Bagan Ltd., KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte., Ltd., Myanmar Thiha Trading Co., Ltd., Bay of Bengal Resort (BOB), (INAX,T-Home), CEPSA Lubricantes, ACCEL International Co., Ltd.(Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd., GP Watch နှင့် ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဟားခါး ပြန်/ဆက်ရုံး၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ဟားခါးမြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၂၁ရက် မွန်းလွဲ ၁နာရီက စာဖတ်ဝိုင်းကျင်းပရာ ဒီဇင်ဘာ ၉ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ချမ်းမြအေး၏ စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင် ဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်သိမ့်သိမ့်လွင်က ဖတ်ကြားပြီး စာထောက်-၃ ဒေါ်ဂါလ်နော်နီးက ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မောင်တော၌ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

နယ်စပ်ဒေသ မောင်တောမြို့နယ်၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၅ရက် နံနက် ၅နာရီခွဲက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးစုရပ်မှ (၃)မိုင် မြို့သူကြီးကျေးရွာအထိ အင်အား ၅၀၀ခန့် စုပေါင်းလမ်းလျှောက်ဆင်နွှဲခဲ့ပြီး ယာယီအားကစားကွင်း၌ စုပေါင်းကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲများပြုလုပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကန်ပက်လက်၌ ရေထုတ်မြောင်း တည်ဆောက်

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် အထကအဝင်လမ်းရေထုတ်မြောင်း တည်ဆောက်ပြီးစီးမှုကို ဒီဇင်ဘာ ၅ ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ (ခေတ္တ) ညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးသည်။ *(ပြည်နယ် ပြန်/ဆက်)*

ရမည်းသင်း စာပေနှင့်စာနယ်ဇင်း အမှုဆောင်သစ်ရွေးချယ်

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပဉ္စမအကြိမ် မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မွန်းလွဲ ၁နာရီက မြို့နယ်မော်တော်ယာဉ်ရုံးခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့သစ်ကို အများဆန္ဒနှင့်အညီပြန်လည်ရွေးချယ်ကြရာ ဥက္ကဋ္ဌဦးစိုးမြင့် (အခွန်ဦးစီး၊ငြိမ်း)၊ အတွင်းရေးမှူးလှိုင်သန်းတင့်(ရွှေပန်းချီ၊ဓာတ်ပုံ)နှင့် ဘဏ္ဍာရေးမှူး ဦးညွန့်ရွှေ (မြို့နယ်သတင်းထောက်)တို့ကို ရွေးချယ်ကြသည်။ *(၁၆၉)*

ပေါက်ခေါင်း၌ စာကြည့်တိုက်ဆောက်ရန် မြေနေရာကြည့်ရှု

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအေးလွင်နှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ဝင်းတင့်တို့သည် နိုဝင်ဘာ ၂၃ရက်က နိုင်ငံတော် ခွင့်ပြုငွေကျပ် ၁၀သိန်းဖြင့် ဆောက်လုပ်မည့် သဖန်းချိုကျေးရွာစာကြည့်တိုက် မြေနေရာကို ကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပွဲ ပုလဲမြို့၌ဆင်နွှဲ

မုံရွာခရိုင် ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၅နာရီက အခြေခံပညာအထက်တန်းကျောင်းရှေ့မှ ပုလဲ-ကျားတက်သွားလမ်း အေးကုန်ကျေးရွာအထိ အသွားအပြန် လမ်းလျှောက်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကျီခါးမြို့၌ ရေလှောင်ကန် တည်ဆောက်

ချင်းပြည်နယ် ကျီခါးမြို့ စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများသန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် မြို့ပေါ်၌ အများသုံးရေလှောင်ကန် သုံးခု တည်ဆောက်မှုကို ဒီဇင်ဘာ ၁၄ရက်က ကျီခါးမြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးခမ်ဆွင်းပေါင်က ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

စာဖတ်ကျင့်စနစ်ကျင့်သုံးရေး မိုးကောင်း၌ ဆွေးနွေး

မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ ဘဝရှေ့ဆောင်စာကြည့်တိုက်၌ ဒီဇင်ဘာ ၅ရက် မွန်းလွဲ ၂နာရီက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်စနစ် ကျင့်သုံးရေး ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးအေးလင်းက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ (၅)ချက်နှင့်အညီ စာဖတ်စနစ် ကျင့်သုံးရေး၊ စာအုပ်စာစောင်များ တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။ ***(မြို့နယ်ပြန်/ဆက်)***

စာဖတ်ရှိန်မြှင့်မားရေး ဆင်ဘို၌ ဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများ၏ စာဖတ်ရှိန်မြှင့်မားရေးအတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ရက် မွန်းလွဲ ၂နာရီက စာကြည့်တိုက်ခန်းမ၌ကျင်းပရာ စာထောက်-၃ ဒေါ်သင်းသင်းက ၂၆-၁၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကျော်ရဲမင်း ရေးသားသော စည်းလုံးညီညာအောင်ကြောင်းဖြာဆောင်းပါးကို ဖတ်ကြားပြီး မြို့နယ် ဦးစီးမှူး ဒေါ်တိုးတိုးမေက ပြန်လည်ဆွေးနွေးသည်။ *(မြို့နယ် ပြန်/ဆက်)*

ဒီဇင်ဘာလမ်းလျှောက်ပွဲ ဆားလင်းကြီး၌ကျင်းပ

ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ မြို့နယ် အားကစားနှင့် ကာယပညာပေးရေးကော်မတီတို့ ပူးပေါင်းပြီး ဒီဇင်ဘာ အားကစားလ လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ရက် နံနက် ၅နာရီကပြုလုပ်ရာ ဆားလင်းကြီးမြို့ မြို့မစည်ပင်သာယာလမ်းဆုံမှ ပျော်ဘွယ်ကျေးရွာသို့ မြို့ပေါ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆားလင်းကြီးအထကရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်(၁/၂/၃)ရပ်ကွက်များမှ ပြည်သူများ စုပေါင်းဆင်နွှဲကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

နေထိုင်မှုဘဝပုံစံကို ပြောင်းလဲတိုးတက်စေရန် ကြိုးပမ်း

ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးအတွက် မိခင်ကလေး ဆရာဝန်များ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဒုတိယပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများနှင့် မိခင်ကလေးဆရာဝန်ကြီးများ၊ မြို့နယ်အသီးသီးမှ မိခင်ကလေးဆရာဝန်များ စုစုပေါင်း ၄၈ဦး တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယညွှန် ကြားရေးမှူး(မိခင်ကလေး) ဒေါက်တာသီဂီမြင့်က ပြည်နယ်၊ တိုင်းအသီးသီးမှ ဆွေးနွေးပွဲ တက်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကား ပြောကြားရာ၌ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးအတွက် အတွေးအခေါ်ပိုင်းတွင် မိခင်၊ မွေးကင်းစနှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အဓိကထားဆောင်ရွက်ရန်၊ မိခင်နှင့်ကလေး ကျန်းမာဖွံ့ဖြိုးရေးအတွက် အာဟာရဖွံ့ဖြိုးရေးနှင့် တိုးချဲ့ကာကွယ် ဆေးထိုးလုပ်ငန်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ ကျန်းမာသော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် နေထိုင်မှုဘဝပုံစံကို ပြောင်းလဲတိုးတက်စေရန် ကြိုးပမ်းကြရန်၊ ကိုယ်ဝန်ဆောင်မိခင် သေနှုန်းကျဆင်းရန်နှင့် ကူးစက်ရောဂါများဖြစ်ပွားမှုကိုလည်း အဓိကအလေးထား စဉ်းစားကြရန် မှာကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ထောင်စုနှစ် ရည်မှန်းချက် ပြည့်မီရေးအတွက် မြို့နယ်အနုစိတ်စီမံချက်များ ရေးဆွဲချမှတ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင် ပြည့်မီရေးအတွက် မိခင်ကလေး ဆရာဝန်များ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အုတ်စက်ရုံစီမံကိန်း (မင်းကုန်း)

အရည်အသွေးမီအုတ် တစ်နှစ်လျှင် ချပ်ရေသန်း ၅၀ထုတ်နိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၈နာရီက မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ နေပြည်တော် အုတ်စက်ရုံစီမံကိန်း(မင်းကုန်း)သို့ရောက်ရှိပြီး မြေကြိတ်စက်၊ မြေခွဲစက်၊ မြေကြိတ်စက်များ စမ်းသပ်လည်ပတ်နေမှု၊ စမ်းသပ်ထုတ်လုပ်ထားသော အုတ်စိမ်းများနှင့် အလိုအလျောက် အုတ်စိမ်းစီစက်၏ ကုန်ထုတ်လုပ်မှု၊ မြေနယ်ညှစ်စက်၊ အုတ်အခြောက်ခံစက်နှစ်လုံး တည်ဆောက်ပြီးစီးမှု၊ ဥမင်မီးဖို၏ မီးခံအုတ်စီခြင်းလုပ်ငန်းနှင့် ကျောက်မီးသွေးအမှုန့်ကျွေးစက်ကို ကျောက်မီးသွေးအမှုန့်ဖြူးချစနစ် စက်အဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အခြောက်ခံစက်နှင့် ဥမင်မီးဖို တည်ဆောက်ဆဲကာလ၌ နေပြည်တော်ရှိ တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် စက်ရုံမှထွက်ရှိလာသော အရည်အသွေးကောင်း အုတ်စိမ်းများကို သီးခြားအစီအစဉ်ဖြင့်အုတ်ဖုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေးနိုင်

အဆိုပါနေပြည်တော်အုတ်စက်ရုံစီမံကိန်း (မင်းကုန်း)တည်ဆောက်ပြီးစီးပါက နေပြည်တော်ရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် အရည်အသွေးမီ အုတ်များကို တစ်နှစ်လျှင် အုတ်ချပ်ရေသန်း ၅၀ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ပြည် ဒီဇင်ဘာ ၂၃

ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီက အသင်းရုံးတည်ရာ အမှတ်(၅၄၈) ရုံးလမ်း၌ ကျင်းပရာ နာယကဆရာကြီး ဦးမြဝင်း (မြဝင်း-ဒသသန) ပြည်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြသွေး (ပြည်-အောင်ဇော်မိုး)က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အမှုဆောင်အဖွဲ့က တင်သွင်းသော နှစ်ပတ်လည် အစီရင်ခံစာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးတင်ကြွယ် (မောင်ထွဋ်ကောင်း-ပြည်)က ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ပွဲကျင်းပရာ ၂၀၁၀-၂၀၁၃အတွက် အမှုဆောင်သစ်များအဖြစ် ဦးမြသွေး (ပြည်-အောင်ဇော်မိုး) ဥက္ကဋ္ဌ၊ ဦးအောင်ဆန်းမင်း (မင်းယွန်း-ခေတ္တရာ) အတွင်းရေးမှူး၊ ဦးရွှေဝင်း (မောင်ရွှေဝင်း-ပြည်)ဘဏ္ဍာရေးမှူး၊ ဦးသန်းစော(သျှင်သူရိန်-ဉပဒေ) အမှုဆောင်နှင့် ဦးစိုးဦး(ကာတွန်းစိုးမြတ်-ပြည်) အမှုဆောင်တို့ပါဝင်သော အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဒီဇင်ဘာ ၂၃

ဒီဇင်ဘာ ၂၃ရက် နံနက် ၇နာရီ ၄၂မိနစ် ၂၈စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် မိုင် ၁၃၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၈အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ပေါက်ခေါင်းမြို့ မြို့မစာကြည့်တိုက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ပေါက်ခေါင်း ဒီဇင်ဘာ ၂၃

ပဲခူးတိုင်း ပြည်ခရိုင် ပေါက်ခေါင်းမြို့ မြို့မစာကြည့်တိုက်၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော် တက်ရောက်အမှာစကားပြောကြားပြီး ကိုဇော်ဇေယျနှင့် သူငယ်ချင်းများက မြို့မစာကြည့်တိုက်အတွက် ၂၁ လက်မ ရုပ်မြင်သံကြားစက်တစ်လုံးကို လှူဒါန်းရာ မြို့မစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲလေးက လက်ခံယူသည်။

အကြံပြု

ဆက်လက်၍ ပေါက်ခေါင်းမြို့၌ ဂုဏ်ယူစရာ မြို့မစာကြည့်တိုက်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အလွတ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် သုံးမျိုးတွင် ဆုရရှိသူများအား အလှူရှင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး စာရေးဆရာအလှူရှင် ဒေါက်တာသန်းမင်းထွဋ်က (e-Library) ဖြစ်မြောက်ရေးနှင့် ပေါက်ခေါင်းမြို့နယ် သမိုင်းပြုစုရေး ရှင်းလင်း တင်ပြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

အဝေးရောက် ပေါက်ခေါင်းသူ ပေါက်ခေါင်းသားများအနေဖြင့် အလှူငွေများ၊ စာအုပ်များ လှူဒါန်းကြရန်နှင့် ပေါက်ခေါင်းမြို့နယ်သမိုင်း ပြုစုနိုင်ရေးအတွက် မိမိတို့သိရှိထားသော အချက်အလက်များ၊ ရှေးဟောင်းသမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများကို မြို့မစာကြည့်တိုက် ဖုန်း-၀၅၃-၄၅၄၃၃၊ ဦးရဲလေး ဖုန်း-၀၅၃-၄၅၃၇၆၊ ဒေါက်တာသန်းမင်းထွဋ် ဖုန်း-၀၉-၅၃၁-၁၂၅၀နှင့် ဒေါ်ဖြူဖြူခိုင် ဖုန်း-၀၅၃-၄၅၂၀၂တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(မြို့နယ် စာပေနှင့်စာနယ်ဇင်း)**

ထူးခြားသည့် ညအပူချိန် ၂၃-၁၂-၂၀၀၉

ဟားခါးမြို့	-၃ ဒီဂရီစင်တီဂရိတ်	ဟဲဟိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၀ ဒီဂရီစင်တီဂရိတ်	မိုးကုတ်မြို့	၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၀ ဒီဂရီစင်တီဂရိတ်	လားရှိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၃ ဒီဂရီစင်တီဂရိတ်	ကသာမြို့	၄ ဒီဂရီစင်တီဂရိတ်

တစ်ပြည်လုံးတွင် သာမြဲသာဆဲ

နေပြည်တော် ဒီဇင်ဘာ ၂၃

<u>**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>**ဒီဇင်ဘာ ၂၃ရက် ညနေအထိ ခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ အများအားဖြင့် သာယာမည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

လေးချပ်ထယ် တောင်ကုတ်၌ လယ်ထွန်စက်သရုပ်ပြ

တောင်ကုတ် ဒီဇင်ဘာ ၂၃

တောင်ကုတ်မြို့နယ် အတွင်းရှိ တောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဂွတ်(ဒ်)ဘရားသားကုမ္ပဏီတို့ ပူးပေါင်း၍ ၁၈ကိုင်း လေးချပ်ထယ်တပ် လယ်ထွန်စက် သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၄ရက်က သရက်ဆည်တောင်ကွင်းပြင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးခင်မောင်ညွှန့်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တောင်သူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်လေ့လာကြသည်။ **(အပေါ်ပုံ)**

ကျင်းပခဲ့

အဆိုပါပြပွဲများကို ကင်းတောင်စံပြကျေးရွာနှင့် လမူးစံပြကျေးရွာတွင်လည်း ပြုလုပ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မြို့တွင်းကျောင်းကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်လွင် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဦးစောထွန်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တက်စေရန် ကြိုးပမ်း

ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

၂၄

း ဆရာဝန်များ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပလျက်ရှိရာ က်၍ အမှာစကားပြောကြားသည်။

ဝန်များ ကြသည်။ ... ကြားရေး သဂီမြင့် းမှ ဆွေး

နွေးပွဲ တက်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကား ပြောကြားရာ၌ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးအတွက် အတွေးအခေါ်ပိုင်းတွင် မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အဓိကထားဆောင်ရွက်ရန်၊ မိခင်နှင့်ကလေး ကျန်းမာဖွံ့ဖြိုးရေးအတွက် အာဟာရဖွံ့ဖြိုးရေးနှင့် တိုးချဲ့ကာကွယ် ဆေးထိုးလုပ်ငန်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ ကျန်းမာသော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက် နေထိုင်မှုဘဝပုံစံကို ပြောင်းလဲတိုးတက်စေရန် ကြိုးပမ်းကြရန်၊ ကိုယ်ဝန်ဆောင်မိခင် သေနှုန်းကျဆင်းရန်နှင့် ကူးစက်ရောဂါများဖြစ်ပွားမှုကိုလည်း အဓိကအလေးထား စဉ်းစားကြရန် မှာကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီရေးအတွက် မြို့နယ်အနုစိတ်စီမံချက်များ ရေးဆွဲချမှတ်ကြောင်း သိရသည်။

(သတင်းစဉ်)

င်စုနှစ် န်များ း‌စဉ်)

ည့်တိုက်အတွက် ၂၂ လက်မ ရုပ်မြင်သံကြားစက် မြို့မစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲလေးက

အကြံပြု

ခါင်းမြို့၌ ဂုဏ်ယူစရာ မြို့မစာကြည့်တိုက်အထိမ်း လွတ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ အလယ် ရှိသူများအား အလှူရှင်များက ဆုများပေးအပ် လှူရှင် ဒေါက်တာသန်းမင်းထွန်းက (e-Library) ခါင်းမြို့နယ် သမိုင်းပြုစုရေး ရှင်းလင်း တင်ပြရာ အကြံပြုဆွေးနွေးကြသည်။

ခါင်းသူ ပေါက်ခေါင်းသားများအနေဖြင့် အလှူငွေ ကြရန်နှင့် ပေါက်ခေါင်းမြို့နယ်သမိုင်း ပြုစုနိုင်ရေး အချက်အလက်များ၊ ရှေးဟောင်းသမိုင်းဝင်ဓာတ်ပုံ ည့်တိုက် ဖုန်း-၀၅၃-၅၅၄၃၃၊ ဦးရဲလေး ဖုန်း- န်းမင်းထွန်း ဖုန်း-၀၉-၅၃၀-၁၂၅၀နှင့် ဒေါ်ဖြူဖြူ ို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

လုံးတွင် သာမြဲသာဆဲ

ယ်တော် ဒီဇင်ဘာ ၂၃

အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ င်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်း ိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ ရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်း င်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင် ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

က်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်း နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများ ။

ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး တွင် အများအားဖြင့် သာယာမည်။

င် လှိုင်းအသင့်အတင့်ရှိမည်။

ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်

တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်း

ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

စ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်း

*ရှေ့ဖုံးမှ

လားရှိုးမှသည် သိန္နီ-ကွတ်ခိုင်-မူဆယ်မြို့များသို့ လည်းကောင်း၊ လားရှိုးမှသည် ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင်မြို့များသို့ လည်းကောင်း၊ လားရှိုးမှသည် တန့်ယန်း-မိုင်းရယ်မြို့များသို့လည်းကောင်း လေ့လာရေးခရီးလှည့်လည်

တစ်ကိုယ်လုံး လန်းဆန်းသွားစေသည်။ သဘာဝ ရေပူတွင် ကန့်ဓာတ်ပါ၍ ခန္ဓာကိုယ်အရေပြားပေါ်ရှိ အနာများကိုလည်း လျင်မြန်စွာပျောက်ကင်းစေနိုင်ကြောင်း သိရသည်။

ယခင်က သဘာဝရေပူစမ်း သဘောမျိုးသာရှိခဲ့ရာမှ ၁၉၉၁ခုနှစ်တွင် ရေချိုးခန်းများ အသစ်ဆောက်လုပ်၍ ရေပူစမ်း အပန်းဖြေစခန်းအဖြစ်

လျှင် နာရီဝက်ခွင့်ပြုသည်။ လားရှိုးမြို့ပေါ်မှ ရေပူစိမ်/ချိုးရန် လာရောက်ကြသူများသည် အိမ်မှပင် ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မျက်နှာသုတ်ပဝါတို့ကို ယူဆောင်လာလေ့ရှိကြသည်။ ခရီးကြုံ၍ ဝင်ချိုးသူများအတွက်လည်း တစ်ခါသုံးဆပ်ပြာနှင့် ခေါင်းလျှော်ရည်၊ မျက်နှာသုတ်ပဝါအသေးတို့ကို ရောင်းချပေးသည်။

လားရှိုးမြို့ နန်းဟောဝန်ဥယျာဉ်အတွင်း လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကို ဤသို့ စိုက်ထူထားသည်။ (သတင်းစဉ်)

လားရှိုးကိုယ်ပွားသတင်းစာတိုက်၌ နေ့စဉ်ထုတ် သတင်းစာများကို အချိန်မီဖြန့်ချိနိုင်ရေးအတွက် ဝန်ထမ်းများ ဤသို့ တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

သဘာဝ ရေပူစမ်းဖြစ်၍ ထင်ရှားသည်။ ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများသည် လားရှိုးမြို့သို့ ရောက်ရှိပါက ရေပူစမ်း အပန်းဖြေစခန်းသို့ အရောက်လာပြီး ရေပူစိမ်ရခြင်းကို အထူးသဘောကျ နှစ်သက်ကြောင်း သိရသည်။ လားရှိုးမြို့သို့

ခဲ့ပြီး လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိသည့် ညချမ်းအချိန်များတွင် ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်သည့်အလား ခံစားရလေသည်။ လားရှိုးမြို့၏ နွေးထွေးသောရင်ခွင်၌ ခိုလှုံခဲ့ရသော နေ့ရက်များကို ပြန်လည်တွေးမိတိုင်း မနေ့တစ်နေ့ကလိုပင် ထင်မြင်မိပြီး ဘဝတစ်သက်တာတွင် မေ့ပျောက်နိုင်တော့မည် မဟုတ်ပါချေ။

အလွမ်းပို

ယခုကဲ့သို့ နေပြည်တော်၌ အအေးပိုသော ဒီဇင်ဘာဆောင်းရက်များတွင် လားရှိုးမြို့က ရေပူစမ်း အပန်းဖြေစခန်းကို အလွမ်းပိုရလေသည်။

လားရှိုးမြို့၌ နေထိုင်ခဲ့သောရက်များအတွင်း ရေပူစမ်း အပန်းဖြေစခန်းသို့ နှစ်ခေါက်ရောက်ဖြစ်ခဲ့ရာ ရေချိုးပြီး နေစောင်းချိန်မှ ပြန်ခဲ့သည်များမှာ အမှတ်တရရှိလှသည်။ လားရှိုး-မူဆယ်လမ်းမကြီးမှ လက်ယာဘက်သို့ ကွေ့ချိုးပြီး တစ်မိုင်ခန့်သွားလိုက်လျှင် ရေပူစမ်းအပန်းဖြေစခန်းသို့ ရောက်ရှိသည်။ ရေပူစမ်းသို့ သွားရာလမ်းဘေးဝဲယာတွင် အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ဆင်းရွှေလီစပါးခင်းများမှာ အနှံများ ထွက်စပြုနေပြီး တောင်ခြေရောက်သည်အထိ တပြန့်တပြူး မြင်ရသည်မှာ အားရဖွယ်မြင်ကွင်း တစ်ခုပင် ဖြစ်သည်။

ပျောက်ကင်းစေနိုင်

လားရှိုးမြို့မှ ရေပူစမ်းအပန်းဖြေစခန်းသည် လားရှိုး-မူဆယ် လမ်းမကြီး၏ သိန္နီမြို့ဘက်သို့အတွက် လေးမိုင်ခန့် အကွာတွင် တည်ရှိသည်။ ရေပူစမ်းမှ သဘာဝအလျောက် ထွက်နေသော ရေပူကို ရေအေးနှင့်စပ်၍ ချိုးရသည်မှာ

လားရှိုးမြို့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ရေပူစမ်းအပန်းဖြေစခန်းအတွင်း ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀ ကောက်ခံပြီး နိုင်ငံခြားသားများ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ သုံးဒေါ်လာ ကောက်ခံကြောင်း သိရသည်။

ရောင်းချပေး

ရေပူစမ်း အပန်းဖြေစခန်းအတွင်း အမျိုးသားရေချိုးခန်း၊ အမျိုးသမီးရေချိုးခန်းဟူ၍ သီးသန့်ခွဲခြားထားပြီး ရိုးရိုးခန်း ငွေကျပ် ၅၀၀၊ အထူးခန်း ငွေကျပ် ၁၀၀၀ သတ်မှတ်ထားသည်။ ရေချိုးခန်းအတွင်း ရေစိမ်ရန် ကြွေရေစိမ်ကန်များထားပေးပြီး တစ်ခါချိုး

အထူးစည်ကား

အမျိုးသားများအနေဖြင့် ရေချိုးခန်းတွင် မချိုးဘဲ အခကြေးငွေမပေးရသည့် အများသုံးရေချိုးကန်အတွင်း၌ ရေပူစိမ်ခြင်း၊ ရေပူချိုးခြင်းများ ပြုလုပ်နိုင်သည်။ ဆောင်းရက်များ၌ ညနေအလုပ်မှအပြန်တွင် စက်ဘီးများ၊ ဆိုင်ကယ်များဖြင့် ရေပူစမ်းသို့ လာရောက်ချိုးကြပြီးမှ အိမ်ပြန်လေ့ရှိကြသည်။ လားရှိုးမြို့၌ အအေးပိုသော နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ ရေပူချိုးရန် လာရောက်ကြသူများဖြင့် ရေပူစမ်း အပန်းဖြေစခန်းမှာ အထူးစည်ကားလျက်ရှိပြီး ရေချိုးခန်းရရန် စောင့်ဆိုင်းကြရကြောင်း သိရသည်။

အင်းလေးခေါက်တိုင် ရေပူစမ်း သကဲ့သို့ပင် လားရှိုးရေပူစမ်းသည်လည်း အလည်တစ်ခေါက်ရောက် ဖြစ်ခဲ့လျှင် ရေပူစမ်းအပန်းဖြေစခန်းကို အရောက်သွားသင့်လှပေသည်။

လားရှိုးမြို့၌ နေထိုင်စဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)ကိုလည်း ရောက်ရှိလေ့လာဖြစ်ခဲ့သည်။ တာဝန်ခံအရာရှိ ဦးဇော်လွင်နှင့် ဝန်ထမ်းများသည် လားရှိုးမြို့နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ သတင်းစာနေ့စဉ် ဖတ်ရှုနိုင်ရေးနှင့် သတင်းစာ အရည်အသွေးကောင်းမွန်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

လားရှိုးမြို့ မြို့မဈေးကြီးအနီး၌ တည်ရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့

ဆက်ဆံရေး ဦးစီးဌာနရုံးသို့လည်း အခါအားလျော်စွာ သွားရောက်၍ နေ့စဉ်ထုတ်သတင်းစာများနှင့် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာဖြစ်သည်ကိုလည်း မမေ့နိုင်ပါချေ။ လားရှိုးမြို့ ပြည်နယ် ပြန်/ဆက်ရုံးမှ စာကြည့်တိုက်သည် စာအုပ်ထားသိုမှု စနစ်ကျနကောင်းမွန်ပြီး သန့်ရှင်းသပ်ရပ်သည်။ အလင်းရောင် ကောင်းစွာရရှိ၍ စိတ်ချမ်းမြေ့စွာ စာပေဖတ်ရှုနိုင်လေသည်။ ပြည်နယ် ပြန်/ ဆက်ရုံးဝန်ထမ်းများ၊ ခရိုင် ပြန်/ဆက်ရုံးဝန်ထမ်းများနှင့် မြို့နယ် ပြန်/ဆက်ရုံးဝန်ထမ်းများအားလုံးက လှိုက်လှဲပျူငှာမှုနှင့် ကူညီဖေးမမှုတို့ကြောင့် ခရီးစဉ်အတွင်း အဆင်ပြေ ချောမွေ့ခဲ့ရလေသည်။

လားရှိုးမြို့ သာသနာ (၂၅၀၀) ပြည်လုံးချမ်းသာ စေတီတော်မြတ်ကို သွားရောက် ဖူးမြော်ကြည်ညိုဖြစ်ခဲ့သည်။ စေတီတော်ပေါ်မှ လားရှိုးမြို့ပြတည်ရှိမှုကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ရသည်။ လားရှိုးမြို့သည် ကျယ်ပြန့်သော လွင်ပြင်နှင့် ပတ်ဝန်းကျင်တွင် တောင်စွယ်တောင်တန်းများရှိ၍ သာယာလှပသော မြို့အဖြစ် ရောက်ဖူးသူတိုင်းက မှတ်ချက်ပြုကြ

လားရှိုးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်း၊ သွားလိုရာသို့ မညည်းမညူ မောင်းနှင်ပေးသော ယာဉ်မောင်း ဆရာဦးအောင်သက်တို့၏ ပံ့ပိုးကူညီမှုများကလည်း သတင်းဆောင်းပါးများ ရေးသားရာတွင် အထောက်အပံ့ကောင်းများ ဖြစ်စေခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ မြို့တော်ဖြစ်သော လားရှိုးမြို့သည် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင်တည်ရှိပြီး ပြည်နယ်ရုံးစိုက်ရာ မြို့ဖြစ်၍ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က အချက်အချာကျသော မြို့ဖြစ်သည်။ စီးပွားရေး အချက်အချာမြို့ဖြစ်သည်နှင့်အညီ လားရှိုးမြို့မှ ပြင်ပသို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအတွက် မော်တော်ယာဉ်လိုင်းပေါင်း ၄၀ကျော် ပြေးဆွဲလျက်ရှိသည်။ မီးရထား ခရီးစဉ်ဖြင့် လားရှိုး-သီပေါ - ကျောက်မဲ - နောင်ချို-ပြင်ဦးလွင် - မန္တလေးသို့ နေ့စဉ် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူ ပို့ဆောင်ပေးလျက်ရှိသည်။ လေကြောင်းခရီးစဉ်အဖြစ် မြန်မာ့

လားရှိုးမြို့ ရေပူစမ်းအပန်းဖြေစခန်းတွင် အထူးရေချိုးခန်းများ ဆောက်လုပ်ထားရှိမှု။ (သတင်းစဉ်)

သည်။ သာသနာ(၂၅၀၀) ပြည်လုံးချမ်းသာ စေတီတော်အနီး၌ တည်ရှိသည့် လားရှိုးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကိုလည်း ဝင်ရောက် လေ့လာဖြစ်ခဲ့သေးသည်။

ဓာတ်ခဲလုပ်ငန်း

ဓာတ်ခဲလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပေးခဲ့သော လားရှိုးမြို့ ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံမှ မန်နေဂျာ ဦးလှပို၊ ဆီစက်လုပ်ငန်းအကြောင်း ပြောကြားပေးသော လားရှိုးမြို့ ဘက်စုံမွေးမြူရေး အစားအစာလုပ်ငန်း ပဲဖတ်၊ နှမ်းဖတ် ထုတ်လုပ်ရေး ဆီစက်မှ တာဝန်ခံ ဦးလှမျိုး၊ ဒေသဆိုင်ရာ အချက်အလက်များကို ပြောကြားပေးသော

လေကြောင်းက တနင်္ဂနွေ-ကြာသပတေး-စနေနေ့များတွင် ရန်ကုန်-ဟဲဟိုး-လားရှိုး၊ ဟဲဟိုး-ရန်ကုန် ခရီးစဉ်များကို ပျံသန်းပေးဆွဲပေးလျက် ရှိသည်။

နေရပ်ပြန်ရန် လားရှိုးမြို့မှ မန္တလေးမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာသောအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းရွှေလီစပါးခင်း၊ ရွှေလီရိုပ်သာရှေ့မှ အသီးများ ပွတ်ခဲနေသော ဖန်ခါးပင်ကြီး၊ မောချယ်ရီဧည့်ရိပ်သာရှေ့မှ ဟင်းချက်လက်ရာကောင်းသော နန်းညွှန့်ထမင်းဆိုင်၊ ရောင်စုံပန်းများ ဖူးပွင့်ဝေဆာနေသော နန်းဟောဝန် ဥယျာဉ်နှင့်သာယာလှပသော ရေပူစမ်းအပန်းဖြေစခန်းတို့ကို ပြန်လည်မြင်ယောင်နေမိပါတော့သည်။ ။(သတင်းစဉ်)

လားရှိုးမြို့ ရေပူစမ်းအပန်းဖြေစခန်းအတွင်းရှိ သဘာဝရေပူကန်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်းတွင်းချိန်ခါ၊ ကျန်းမာရေးဂရုပြုစရာ

နံနက်ခင်းတွင် ဆီးနှင်းများဖြင့် နေရာအနှံ့ မှိုင်းဝေရီ မှောင်ကာကောင်းကင်တစ်ခွင်ဝယ် တိမ်တိုက်များ ဆင်လျက်ရှိနေသည့် ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စပြုနေပြီ ဖြစ်သည်။ ယခုစတင် ကျရောက်နေပြီဖြစ်သော ဆောင်းရာသီကာလသည် အချိန်အားဖြင့် လေးလတာကြာရှည်ပြီး တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာကာလကို 'ဟေမရတု'၊ ပြာသိုလပြည့်ကျော် တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ နှစ်လတာကာလကို 'သိသိရရတု' ဟု ပိုင်းခြားခေါ်ဝေါ်ကြသည်။ ယင်းဆောင်းရာသီ ကာလအတွင်း ကျန်းမာရေးအတွက် မည်သို့ကျင့်ကြံ၊ နေထိုင်စားသောက်ရမည်၊ မည်သို့သော ရောဂါများ ဖြစ်ပွားလေ့ရှိသည်။ ယင်းဖြစ်ပွားတတ်သောရောဂါများကို မည်သို့ပြုစု ကုသရမည်၊ ကျန်းမာရေးနှင့်အညီ မည်သည်တို့ကို ရှောင်ရမည်/ဆောင်ရမည် စသည့် အကြောင်းအချက်များကို ရှင်းလင်းလွယ်ကူစွာ ရေးသားတင်ပြလိုပါသည်။ ၎င်းဆောင်းရာသီ ကာလအတွင်း ကျန်းမာသူများတွင် တွေ့ရှိရမည့် ရုပ်လက္ခဏာများ၊ မကျန်းမာသူများတွင် တွေ့ရှိရမည့် ရုပ်လက္ခဏာများ စသည့် ခွဲခြားသိရှိကြခြင်းဖြင့်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရန်/ရှောင်ရန် အချက်များကို ကြိုတင်သိရှိကြခြင်းဖြင့်လည်းကောင်း မိမိ၏ တစ်ကိုယ်ရေ ကျန်းမာရေးစောင့်ရှောက်မှုအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပေသည်။

'ဟေမရတု' ကာလဖြစ်သည့် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ နှစ်လတာကာလအတွင်း ကျန်းမာသူများတွင် တွေ့ရှိရမည့် ရုပ်လက္ခဏာများမှာ ရေမငတ်ခြင်း (တစ်နည်းအားဖြင့် ရေသောက်နည်းခြင်း)၊ ချွေးထွက်နည်းခြင်း၊ ဆီးအရောင်ဖြူပြီး ကြည်လင်၍ ဆီးသွားသည့် ပမာဏများခြင်း၊ စား၍ကောင်းခြင်း၊ အအိပ်အနေကောင်းခြင်း၊ ဝမ်း ချုပ်တတ်ခြင်း၊ အာခံတွင်းနံ့မရှိခြင်း၊ ခေါင်းအုံ ခေါင်းကိုက်မဖြစ်ပေါ်ခြင်း စသည်တို့ဖြစ်ကြပြီး မကျန်းမာသူများတွင် တွေ့ရှိရမည့် ရုပ်လက္ခဏာများမှာ ရေသောက်များခြင်း၊ ချွေးထွက်များခြင်း၊ ဆီးအရောင်မှာ အနီ၊ အဝါဖြစ်၍ ဆီးသွားသည့် ပမာဏနည်းခြင်း၊ အာခံတွင်းနံ့ထွက်ခြင်း၊ အိပ်၍မပျော်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဝမ်းပျက်ခြင်း၊ ခေါင်းအုံ ခေါင်းကိုက်ဖြစ်ပေါ်ခြင်း စသည်တို့ ဖြစ်ပါသည်။

'ဟေမရတု' ကာလတွင် ကျန်းမာစေရန်အတွက် ကျင့်ကြံဆောင်ရွက်ရမည့်အချက်များမှာ လုံခြုံနွေးထွေး စွာနေထိုင်ရန်၊ (အချိန်ပေးနိုင်ပါက) နေ့လယ်၊ နေ့ခင်းတွင် ခဏတစ်ဖြုတ် အိပ်ရန်၊ အဆီအဆိမ့် နည်းသော အစားအစာများကို စားပေးရန်၊ ဟင်းသီးဟင်းရွက်အနေဖြင့် မန်ကျည်း၊ ကင်ပွန်း၊ မုန်လာစသည့် အသီးအရွက်များကို ချဉ်ရည်ဟင်းအဖြစ် ချက်စားရန်၊ ရှောက်သီးသုပ်၊ သံပရာသီးသုပ်များစားရန်၊ ရှောက်ဖျော်ရည်၊ သံပရာဖျော်ရည်၊ မန်ကျည်းဖျော်ရည်တို့ကို သောက်ရန်၊ ကင်မလင်းရွက်၊ မုန်လာရွက်၊ မုန်ညင်းရွက်၊ စောင်းလျားသီး၊ မရန်းသီး၊သံပရာသီး၊ ရှောက်သီး၊ သရက်သီး၊ စင်ပြွမ်းသီး၊ ကြက်ပေါင်သီး စသည်တို့နှင့် အခြား အေး၊ ငန်၊ချဉ် အရသာရှိသော အစားအစာများ စားပေးရန်၊ သားငါးများအနေဖြင့် ငါးသလဲထိုး၊ ငါးနုသန်း၊ ငါးသံချိတ်၊ ငါးနုပ်၊ ငါးမြွေထိုး၊ငါးပတ်၊ ငါးမြင်း၊ ငါးလင်ပန်း၊ ဘဲသား၊ ဝက်သား၊ ငန်းသားတို့ကို မန်ကျည်း၊ သရက်ပြား၊ မရန်းပြား စသည်တို့နှင့် ရောစပ်၍ ချက်စားရန် စသည်တို့ ဖြစ်ပါသည်။

'ဟေမရတု' ကာလတွင် ကျန်းမာစေရန်အတွက် သတိပြုဆင်ခြင်ရမည့် အချက်များမှာ နံနက်စောစောနှင့် ညမိုးချုပ်နေဝင်ချိန်တို့တွင် ရေမချိုးမိစေရန်၊ ကျုံးရေ၊ မြောင်းရေ၊ ကန်ရေ၊ ဆည်ရေတို့ကို မသုံးမိစေရန်၊ လေတိုက်ခံခြင်းတို့ကို ရှောင်ကြဉ်ကြရန်နှင့် ပူ၊ဆိမ့်၊ ဖန်၊ ခါး၊ စပ်အရသာရှိသော ဆေးနှင့် အစားအစာများ မစားမိစေရန်တို့ ဖြစ်ပါသည်။ 'ဟေမရတု' ကာလတွင် မှီဝဲသင့်သော ဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁) (သေမှပုတိက မက်လင်ချဉ်၊ ချွဲသလိပ်ပုပ်ပျောက်ဆေး)ကို နံနက်နှင့် ည တစ်နေ့ နှစ်ကြိမ်နှုန်း တစ်ကြိမ်လျှင် နှစ်ပဲသားပမာဏကို ရေနွေးနှင့် သောက်ပေးရန် ဖြစ်ပါသည်။

'သိသိရရတု' ကာလတွင် ကျန်းမာစေရန် ကျင့်ကြံဆောင်ရွက်ရမည့် အချက်များမှာ မိမိခန္ဓာကိုယ်ကို ချွေးထွက်အောင် လှုပ်လှုပ်ရှားရှား ပြုမူခြင်း၊ နံနက်စောစောနှင့် ညနေပိုင်းအချိန်များတွင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းစသည့် သင့်တင့်လျောက်ပတ်သော နည်းလမ်းများဖြင့် မိမိခန္ဓာကိုယ်ရှိ အကြောများ လျော့အောင် ပြုပြင်ပေးရန်၊ နွေးနွေးထွေးထွေးနေရန်နှင့် ပူ၊ခါး၊ စပ်သောအစာများကို စားပေးရန်၊ ဟင်းသီးဟင်းရွက်အနေဖြင့် ကြောင်လျှာသီးကို အတို့အမြှုပ် လုပ်စား၍ဖြစ်စေ၊ ချက်စား၍ဖြစ်စေ၊ ကြက်ဟင်းခါးသီးကို ချက်စား၍ ဖြစ်စေ၊ ခွေးတောက်ရွက်နှင့် ဒန့်သလွန်ရွက်တို့ကို ဟင်းချိုအဖြစ် သောက်၍ဖြစ်စေ အသီးသီး စားသုံးကြရန်၊ ရဲယိုရွက်ကို ပြုတ်တို့၍ဖြစ်စေ၊ ငါးခူနှင့်ချက်စား၍ဖြစ်စေ၊ အခွံပါ ရှောက်သီးကို ငရုတ်သီးစပ်စပ်နှင့်သုပ်၍ဖြစ်စေ၊ ဟင်းချက်၍ဖြစ်စေ စားသုံးကြရန်၊ ကြက်သဟင်း၊ ပိုးစာ၊ ဥသျှစ်၊ပျဉ်းတော်သိမ်၊ ပင်စိမ်းစသည်တို့ကိုလည်း သင့်လျော်သလို စားသုံးရန်နှင့် အသားအနေဖြင့် ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ချိုးသား၊ ခါသားစသည်တို့ကို ငရုတ်သီး၊ မဆလာတို့ဖြင့် ရောစပ်ပြီး ချက်စားရန်စသည်တို့ ဖြစ်ပါသည်။

'သိသိရ ရတု' ကာလတွင် ကျန်းမာ စေရန်အတွက် သတိပြု ဆင်ခြင်ကြရမည့် အချက်များမှာ နံနက်စောစောနှင့် မိုးချုပ်နေဝင်ချိန်များတွင် ရေမချိုးမိစေရန်၊ အင်းအိုင်များမှ ရေများကို မသုံးမိစေရန်၊ အဝတ်အစားရေစိုဖြင့် မနေမိစေရန်၊ အအေးမခံရန်၊ အေး၊ ငန်၊ ချဉ်သောအရသာ နှင့်ချို၊ ဆိမ့်၊ ဖန်သောအရသာများရှိသည့် အစားအစာများ၊ ဝက်သား၊ ဘဲသားတို့ကို ရှောင်ကြဉ်ရန် စသည်တို့ ဖြစ်ပါသည်။

'သိသိရ ရတု' ကာလတွင် မှီဝဲစားသုံးသင့်သောဆေးအဖြစ် ပူ၊ ကန်၊ ပွင့်၊ကြေ စသည့်တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၃) (ဆေးပုလဲကလာပ်ဆေး)ကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၅) (မတဲမြင့်မိုရ်ကုန်းဆေး)ကိုဖြစ်စေ၊ နံနက်၊ ညတစ်နေ့နှစ်ကြိမ် တစ်ကြိမ်လျှင် နှစ်ပဲသား ပမာဏကို ရေနွေးနှင့်သောက်ရန် ဖြစ်ပါသည်။

တစ်ဖန် ဤဆောင်းရာသီတွင် ဖြစ်ပွားတတ်သောရောဂါများဖြစ်သည့် ဝမ်းချုပ်ခြင်း၊ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်း၊ နှာစေးချောင်းဆိုးခြင်း စသည်တို့နှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြမည် ဖြစ်ပါသည်။

ဝမ်းချုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝမ်းမချုပ်စေရေးအတွက် နံနက်တိုင်း ရေကိုဝအောင်သောက်ရန်၊ အအိပ် အထိုင်နည်းအောင် ကျင့်ကြံနေထိုင် ဆောင်ရွက်ရန်နှင့် ဆီး၊ ဝမ်း သွားလိုခြင်းတို့ကို အောင့်(ထိန်းချုပ်) မထားရန် စသည့်အချက်တို့ကို လိုက်နာရမည်ဖြစ်သည်။ အကယ်၍ ဝမ်းချုပ်ပါက ညအိပ်ရာဝင်တိုင်း မန်ကျည်းဖျော်ရည်တစ်ခွက် သောက်ရန်နှင့် ကင်ပွန်းချဉ်ရွက်ချဉ်ရည်ဖြစ်စေ၊ ကန်စွန်းရွက်ကို မန်ကျည်းမှည့်နှင့် ချဉ်ဟင်းချက်စား၍ဖြစ်စေ၊ စားသုံးခြင်းဖြင့် ဝမ်းကိုမှန်စေမည် ဖြစ်ပါသည်။ ဆေးအဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၉) (ဆီးဒူလာဆေး)ကိုဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၀) (ဆီးရှင် ဝမ်းနုတ်ဆေး)ကိုဖြစ်စေ၊ ည အိပ်ရာဝင်၌ နှစ်ပဲသားမှ လေးပဲသားပမာဏအထိ ရေအေးနှင့်သောက်ရန် ဖြစ်ပါသည်။

တင်ထွင်ရ(အစိုးရတိုင်းရင်းဆေး)

ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းသည် ခန္ဓာကိုယ်ပြင်ပမှ အအေးဓာတ်များ ပတ်ဖွဲ့ထားပြီး အခိုးအာကာသမရရှိဘဲ ခန္ဓာကိုယ်အတွင်း ငုပ်လျှိုးနေသည့် အဖျားမျိုးဖြစ်သည့်အတွက် ခန္ဓာကိုယ်အား အခိုးပွင့်စေသည့် ဆေးများဖြင့် ပြုစု ကုသရမည်ဖြစ်သည်။ ၎င်းချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်းအတွက် နံနက်ဆေးအဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၇)(သွေးဆေးနီကြီး) တစ်ပဲသားပမာဏကို ထန်းလျက်ပြုတ်ရည်တွင် ချင်း(ဂျင်း) အနည်းငယ်ထည့်၍ အကြမ်းပန်းကန်လုံးနှစ်လုံး ပမာဏခန့် သောက်ရန်ဖြစ်ပြီး လေလုံသည့်နေရာတွင် အဝတ်အစား ထူထူဝတ်စေလျက် စောင်ကိုလုံလုံခြုံစေကာ ချွေးဖြိုင်ဖြိုင် ထွက်အောင် ချွေးထုတ်ပေးရမည်။ (သတိပြုရန်မှာ- ထွက်သောချွေးများကို အဝတ်ပါးပါးဖြင့်သုတ်ပေးပြီး မိမိချွေးဖြင့် ပြန်အအေးမမိစေရန် ဖြစ်သည်။ နေ့လယ်ဆေးအဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၅) (မတဲမြင့်မိုရ်ကုန်းဆေး) တစ်ပဲသားပမာဏကို ထန်းလျက် ပြုတ်ရည်တွင် ချင်း(ဂျင်း) အနည်းငယ်ထည့်၍ တိုက်ပေးပြီး နှာဆေးရှူပေးခြင်း၊ ကွမ်းရွက် သတ္တုရည်ကို မျက်စဉ်းအဖြစ် ခတ်ပေးခြင်းပြုရမည်။ အကယ်၍ ဝမ်းချုပ်ပါက ညအိပ်ရာဝင်တိုင်း တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၉) (ဆီးဒူလာဆေး)ကိုဖြစ်စေ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁၀) (ဆီးရှင် ဝမ်းနုတ်ဆေး)ကို ဖြစ်စေ၊ နှစ်ပဲသားမှ လေးပဲသား ပမာဏအထိ ရေအေးနှင့် သောက်ရန် ဖြစ်ပါသည်။

နှာစေးခြင်းအတွက် နနွင်းစစ်စစ်ကို ရေဖြင့်ဆူအောင် ကျိုချက်ပြီး ရရှိလာသော ရေနွေးငွေ့ကို ရှူပေးရန်နှင့် နှာတံကို ပရုတ်ဆီဖြင့်ဖြစ်စေ၊ ရေနံဆီဖြင့်ဖြစ်စေ ပါးပါးလိမ်းပေးရန် ဖြစ်ပါသည်။ ဝေဒနာကို ပျောက်ကင်းလိုသည့် ဆန္ဒပြင်းပြပြီး လွန်ကဲစွာမလိမ်းမိစေရန် အထူးဂရုပြုရမည်။ ထို့ပြင် မန်ကျည်းမှည့်ရှစ်ပဲသား၊ ဆားလေးပဲသားတို့ကို ရေပမာဏ ထမင်းစားဇွန်းနှစ်ဇွန်းနှင့်ဖျော်ပြီး မကြာခဏရှူပေးရန် ဖြစ်ပါသည်။

အကယ်၍ ချောင်းခြောက်ဆိုးပါက ဇဝက်သာနှင့်ကွမ်းရွက် တစ်ကျပ်သားစီကို ရောစပ်လျက် သုံးခွက်တစ်ခွက်တင်ကျိုကာ အကြမ်းပန်းကန်နှစ်လုံး ပမာဏကိုသောက်၍ဖြစ်စေ၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၄) (လေးညှင်းကလာပ်ဆေး)သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂၅) (မတဲမြင့်မိုရ်ကုန်းဆေး) နှစ်ပဲသားပမာဏခန့်ကို ထန်းလျက်ပြုတ်ရည်နှင့် သောက်ပေးရမည်ဖြစ်ပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၁) (သေမှပုတိကမက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေး)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၂) (လေမျိုးရှစ်ဆယ်ဆေး)တို့ကို ဆတူရောစပ်ပြီး မကြာခဏလျက်ပေးရန် ဖြစ်ပါသည်။

ယခု ရေးသားတင်ပြခဲ့သော ဆောင်းရာသီတွင် ကျန်းမာရေးနှင့် ပြည့်စုံစေရန် နေထိုင်၊ ကျင့်ကြံ၊ စားသောက်ရမည့် အချက်များကို နားလည်သိရှိကြခြင်းဖြင့် "အစာလည်းဆေး၊ ဆေးလည်းအစာ" ဆိုသည့် စကားရပ်နှင့်အညီ ရာသီအလိုက် စားသုံးရမည့် အစားအစာများကို သင့်တင့်လျောက်ပတ်စွာ စားသုံးကြခြင်းဖြင့် ဖြစ်ပွားတတ်သည့် ရောဂါများကို ကြိုတင် ကာကွယ်နိုင်မည်ဖြစ်ပြီး ရောဂါများ ဖြစ်ပွားပါကလည်း ပြုစုကုသနည်းများကိုပါ သိရှိခြင်းကြောင့် လိုအပ်သော ဆေးဝါးများကို မိမိကိုယ်တိုင် တစ်ပိုင်တစ်နိုင် ကြိုတင်ရှာဖွေစုဆောင်းထားရှိနိုင်သဖြင့် မိမိ တစ်ကိုယ်ရေ ကျန်းမာရေးအတွက်သာမက မိမိ မိသားစုဝင် အချင်းချင်းဖြစ်စေ၊ မိမိပတ်ဝန်းကျင် အိမ်နီးချင်း မိသားစုများအတွက်ဖြစ်စေ ထပ်ဆင့်မျှဝေ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း "မိသားစု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အထောက်အကူပြု" အနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရသူများအား ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၇ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ဝင်းက ဆုချီးမြှင့်စဉ်။ (ဝ၁၄)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အဖွဲ့ချုပ်၏ ကေဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက် (စနေနေ့) နံနက် ၉နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

နှစ်ပတ်လည်အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏အသင်းဝင်လုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်းလုပ်ငန်းရှင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ အလှမွေးငါးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားသင့်သူများကို ဖိတ်ကြားထားသည်။

ဈေးပွဲတော်တွင် မြန်မာ့ရေထွက်ပစ္စည်းများဖြင့်ချက်ပြုတ်သည့် ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များ၊ အသင့်စားသုံးနိုင်ရန်ပြုပြင်ထုတ်လုပ်ထားသည့် မြန်မာ့ရေထွက်ပစ္စည်းထုတ်ကုန်အရောင်းဆိုင်များနှင့် အခြားလူသုံးပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရေထွက်ပစ္စည်းများနှင့် သက်ဆိုင်သည့် ပညာပေးပြခန်းများ ပါဝင်ရောင်းချပြသကြမည်ဖြစ်သည်။

ပျော်ရွှင်ချမ်းမြေ့စွာ

ဈေးပွဲတော်ကို ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီခွဲတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဇန်နဝါရီ ၂ရက်မှ ၄ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၁၀နာရီအထိ ခင်းကျင်းရောင်းချပြသကြမည်ဖြစ်သည်။ ဈေးပွဲတော်လာပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များ ပါရှိမည်ဖြစ်သည်။ **(သတင်းစဉ်)**

မုဒ္ဒံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

မုဒ္ဒံမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပသည်။

စုပေါင်းကန်တော့

ရှေးဦးစွာ ကန်တော့ခံ အသက်(၈၀)နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘများ စုစုပေါင်း ၇၅ ဦးတို့အား အသင်းဝင်များ၊ မိသားစုများက အလှူငွေများ၊ အလှူပစ္စည်းများဖြင့် ဂါရဝပြုစုပေါင်းကန်တော့ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီး သုံးဦးတို့အား ဦးမောင်မောင်တင်-ဒေါ်ဆွေဆွေဝင်း မိသားစု၏ ပညာရေးရန်ပုံငွေနှင့် သုံးဘာသာ ဂုဏ်ထူးရကျောင်းသား တစ်ဦးအား အသင်း၏ပညာရေး ရန်ပုံငွေတို့မှ ဂုဏ်ပြု ချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်တို့ကို အလှူရှင်မိသားစုနှင့် အသင်းဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်ကြသည်။

တာဝန်ပေး

ယင်းနောက် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးသာလှက အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားကာ ဘဏ္ဍာရေးမှူး ဦးစိုးတင်က ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား အတည်ပြုချက်ရယူပြီး နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပကာ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)နှင့် အတွင်းရေးမှူး ဦးတင်ကြိုင်တို့ပါဝင်သည့် ၂၅ ဦးပါ အမှုဆောင်အဖွဲ့သစ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၃၀ ၇။ မွေးမြူသုတ
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်
၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၃၄)
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ရှေးဟောင်းသုတ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၄)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ ယာဉ်ရပ်နားစခန်း တည်ဆောက်မှု တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် ဒီဇင်ဘာ ၁၇ရက် နံနက် ၁၀နာရီတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ ပဲခူးတိုင်း ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ရက် နံနက် ၈နာရီခွဲတွင် ပဲခူးမြို့နယ်ခန်းမ၌ကျင်းပရာ တိုင်းမှူး တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ ကျောက်မဲ၌ ကျင်းပ

ကျောက်မဲ ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက ဦးစီးကျင်းပသည့် ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းများအား ချီးမြှင့်ငွေ ဂါရဝပြုပေးအပ်ခြင်း၊ မသန်စွမ်း စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ချီးမြှင့်ခြင်းအလှူငွေ ထည့်ဝင်လှူဒါန်းခဲ့ကြသော စေတနာရှင်များအား ဂုဏ်ပြုလွှာပေးအပ်ခြင်း အခမ်းအနားကို မြို့ကျက်သရေဆောင်ခန်းမ၌ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၉) အတွေ့အကြုံများကို ညီလာခံကိုယ်စားလှယ် မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းနိုင်(ငြိမ်း) က ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ) ထို့နောက် ကျောက်မဲတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက မသန်စွမ်းစစ်မှုထမ်းဟောင်းနှစ်ဦးနှင့် (၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း ခြောက်ဦးတို့အား ထောက်ပံ့ချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်လိုက်ကြပြီး စေတနာရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။ (မြို့နယ်စစ်မှုထမ်းဟောင်း)

မြန်မာ့ပရိဘောဂ ဒီဇိုင်းပြိုင်ပွဲ-၂၀၁၀ ယှဉ်ပြိုင်နိုင်

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက မြန်မာ့ပရိဘောဂ ဒီဇိုင်းပြိုင်ပွဲ-၂၀၁၀ (Furniture Design by Myanmar Talents-2010 Design Contest) ကို ကျင်းပမည်ဖြစ်ရာ အသက် (၁၈)နှစ်မှ (၄၀)အတွင်း မြန်မာနိုင်ငံသားအားလုံး ယှဉ်ပြိုင်နိုင်ကြောင်း၊ စာရွက်ပေါ်တွင် (A-3 Drawing Paper)ရေးဆွဲခြင်း၊ Windows Application မျိုးစုံ သုံး၍ ရေးဆွဲခြင်း၊ Auto CAD ဖြင့် ရေးဆွဲခြင်းများ အားလုံး လက်ခံမည်ဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ် ပြိုင်ပွဲအတွက် မြန်မာနိုင်ငံထွက်ကုန် ပစ္စည်းများဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် ဇေဒါ စသည်တို့ဖြင့် တည်ဆောက်ပြုလုပ် နိုင်သော Living Room Furniture, လက်တင်ထိုင်ခုံ (Arm Chair)၊ ဆိုဖာ ဒီဇိုင်းများ ရေးဆွဲယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်တစ်ဦးလျှင် အများဆုံးသုံးပုံ ပေးပို့နိုင်ကြောင်း သိရသည်။

ချီးမြှင့်မည်

ပြိုင်ပွဲ၏ ပရိဘောဂဒီဇိုင်းပြိုင်ပွဲ၌ ပထမဆုငွေ ကျပ်ငါးသိန်း၊ ဒုတိယဆုငွေ ကျပ်သုံးသိန်း၊ တတိယဆုငွေ ကျပ်နှစ်သိန်း၊ Accessories ဒီဇိုင်းပြိုင်ပွဲ၌ ပထမဆုငွေ ကျပ်သုံးသိန်း၊ ဒုတိယဆုငွေ ကျပ်နှစ်သိန်း၊ တတိယဆုငွေ ကျပ်တစ်သိန်း ချီးမြှင့်သွားမည် ဖြစ်သည်။

ယှဉ်ပြိုင်သူများသည် မိမိကိုယ်တိုင်ဖန်တီးသော ဒီဇိုင်းဖြစ်ကြောင်း တာဝန်ယူရမည်။ Media မျိုးစုံ၊ Internet စသည်တို့မှ Idea/ Inspirationများ ရယူလေ့လာနိုင်သော်လည်း ကိုယ်ပိုင်စိတ်ကူးဖြင့်ဖန်တီးသည့် ဒီဇိုင်းများသာဖြစ်ရမည်။ www. myanmar timberassociation.org နှင့် www.myanmarwickervillage. com တို့တွင်လည်း အသေးစိတ် ဝင်ရောက်လေ့လာနိုင်သည်။

ဆုရဒီဇိုင်းများကို မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက ပိုင်ဆိုင်ပြီး Exporter ကုမ္ပဏီများသို့ ယင်းဒီဇိုင်းများကို ထုတ်လုပ်ခွင့်ပြုကာ သုံးနှစ်အတွင်း ရောင်းချရသည့်တန်ဖိုးအပေါ်တွင် သင့်လျော်သည့်ကော်မရှင် သတ်မှတ်ပြီး ဆုရဒီဇိုင်နာအား ဆုချီးမြှင့်မည်ဖြစ်သည်။ ဒီဇိုင်းမူပိုင်ခွင့်ကိုလည်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက ကာကွယ်ပေးမည်ဖြစ်သည်။

ပံ့ပိုးဆောင်ရွက်

ပရိဘောဂဒီဇိုင်းပြိုင်ပွဲများကို နှစ်စဉ် ဆက်လက်ကျင်းပပေးမည်ဖြစ်ပြီး ဆုရဒီဇိုင်းများကို ဒေသတွင်း ASEAN Design Contest များနှင့် International ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ဆက်လက်ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်သူ၏အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ တယ်လီဖုန်း၊ အီးမေးလ်တို့ကိုဖော်ပြ၍ ပြိုင်ပွဲနောက်ဆုံးရက်ဖြစ်သည့် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားကာ ဒီဇိုင်းများ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

ပေးပို့ယှဉ်ပြိုင်နိုင်

*ပြိုင်ပွဲဝင်ဒီဇိုင်းများကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ e-mail (mfptma@gmail.com) သို့ဖြစ်စေ သတ်မှတ်ရက်အတွင်း ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)***

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၉ ခုနှစ် (၄၈) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)အားကစားကွင်း၌ ဆက်လက်ကျင်းပရာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်ဆောင်ဂိုးကြောင့် နိုင်ပွဲပြန်ရခဲ့တဲ့ ဒဲလ်တာယူနိုက်တက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်

ရန်ကုန် ဒီဇင်ဘာ ၂၃

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ပြန်လည်ကျင်းပရာ ဒဲလ်တာယူနိုက်တက်အသင်းက မကွေးအသင်းကို တစ်လုံးတည်းသောဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ဒဲလ်တာယူနိုက်တက်အသင်း - တစ်ဂိုး မကွေးအသင်း - ဂိုးမရှိ

ထိန်းထားနိုင်

နှစ်ပွဲဆက် အရှုံးရလဒ်ကြောင့် ထိပ်ဆုံးက ရတနာပုံအသင်းနဲ့ ငါးမှတ်အထိ ကွာဟသွားခဲ့တဲ့ ဒဲလ်တာယူနိုက်တက်အသင်းဟာ မကွေးအသင်းကပေးတဲ့ လက်ဆောင်ဂိုးကြောင့် ရှုံးပွဲဆက်နေတာကို ရပ်တန့်နိုင်ခဲ့ပါတယ်။ ဖျားနာနေတဲ့ တောင်ပံကစားသမား အဲလ်မစ်ဝီလျံကလွဲရင် စတန်လေ၊လှအေးထွေး၊ မင်းမင်းသူ၊ မီတက်တို့နဲ့ ဒဲလ်တာယူနိုက်တက် အသင်းဟာ လူစုံနီးပါးပါဝင်ခဲ့ပေမယ့် အကောင်းဆုံးပုံစံမရခဲ့ပါဘူး။ ပွဲအစပိုင်းမှာပဲ အနိုင်ဂိုးကို စောစီးစွာရခဲ့သလို မကွေးအသင်းကလည်း အဆုံးသတ် အားနည်းခဲ့တာကြောင့် ဒဲလ်တာယူနိုက်တက်အသင်း အနိုင်ရလဒ်ကို ထိန်းထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

မကွေးအသင်းမှ အောင်မြင့်အေးနှင့် ဒဲလ်တာယူနိုက်တက်မှ မင်းမင်းသူတို့ အကြိတ်အနယ်။ (မြန်မာ့အလင်း)

အသုံးမချနိုင်

ပထမအကျော့တုန်းက ငါးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်အရေးနိမ့်ထားတဲ့ မကွေးအသင်းဟာ ရှုံးကြွေးပြန်ဆပ်ဖို့ ကြိုးစားခဲ့ပေမယ့် နှစ်ကျော့စလုံးအရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ မကွေးအသင်းဟာ ပထမပိုင်းမှာ ကစားပုံမကောင်းခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ တိုက်စစ် ပြန်အသက်ဝင်ခဲ့ပါတယ်။ ဒါပေမယ့် တိုက်စစ်မှာ နိုင်ငံခြားသားနှစ်ဦးဖြစ်တဲ့ ပါစကယ်နဲ့ ဘတ်ဆမ်တို့ အလုပ်မဖြစ်ခဲ့သလို ရတဲ့အပိုင်ဂိုးသွင်းခွင့်တွေကိုလည်း အသုံးမချနိုင်ခဲ့တာကြောင့် ချေပဂိုးပြန်မရခဲ့တာပါ။ အဲဒါကြောင့် မကွေးအသင်းဟာ ဒုတိယအကျော့မှာ နိုင်ပွဲလုံးဝမရရှိသေးဘဲ တစ်ပွဲသရေ၊ သုံးပွဲရှုံးထားပါတယ်။

ပွဲအစမှာတော့ ဒဲလ်တာယူနိုက်တက်အသင်းဟာ စတန်လေကို တိုက်စစ်မှာ အထောင်ထားပြီး ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ရှစ်မိနစ်မှာ ဒဲလ်တာယူနိုက်တက်အသင်း အနိုင်ဂိုးရသွားပြီး မကွေးနောက်ခံလူ လင်းလင်းထွေး ပယ်နယ်တီဧရိယာထိပ်ကနေ ဖျက်ထုတ်ရာကနေ ကိုယ့်ဂိုးထဲဂိုးဝင်သွားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ နှစ်သင်းစလုံးရဲ့ကစားပုံဟာ အချိတ်အဆက်လွဲနေခဲ့လို့ ပွဲဟာအကြိတ်အနယ် မဖြစ်ခဲ့ပါဘူး။ ၂၂မိနစ်မှာ မီတက် ဂိုးသွင်းပေမယ့် လူကျွံနေလို့ ဒဲလ်တာယူနိုက်တက်အသင်းဂိုးမရခဲ့ပါဘူး။ ၃၃မိနစ်မှာတော့ မကွေးအသင်း ချေပဂိုးရဖို့ အခွင့်အရေးပြန်ရခဲ့ပြီး အောင်မြင့်အေး အပိုင်ကန်ခွင့်ရရှိပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။

ဆက်လက်ဖိအားပေး

ဒုတိယပိုင်းမှာတော့ မကွေးအသင်းတိုက်စစ်ကစားပုံ ပိုကောင်းလာပြီး အခွင့်အရေးတွေ ပြန်ရခဲ့ပါတယ်။ ၆၁မိနစ်မှ ပါစတယ် ခေါင်းတိုက်ချပေးတာကနေ ဘတ်ဆမ် အနီးကပ်ကန်ခွင့်ရပေမယ့် အပေါ်ထောင်သွားလို့ မကွေးချေပဂိုးနဲ့ ဝေးခဲ့ရပါတယ်။ မကွေးအသင်းဟာ ဖိကစားနိုင်ခဲ့ပေမယ့် ရှေ့တန်းက ပါစတယ်လေးနေသလို အောင်မြင့်အေး၊ စိုးမင်းနိုင်နဲ့ ဇော်ထက်အောင်တို့ဟာလည်း ဒဲလ်တာယူနိုက်တက် နောက်တန်းကို မကျော်နိုင်ခဲ့တာကြောင့် အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ အခုပွဲမှာ အနိုင်ရခဲ့တဲ့ ဒဲလ်တာယူနိုက်တက်အသင်းကတော့ ထိပ်ဆုံးက ရတနာပုံကို ဆက်လက် ဖိအားပေးနိုင်ခဲ့ပါတယ်။ ။

ယနေ့ပွဲ
ညနေ ၄နာရီ
သုဝဏ္ဏကွင်း
ကမ္ဘောဇ -ရန်ကုန်ယူနိုက်တက်

(မြန်မာ့အလင်း)

လုပ်ငန်းခွင်အကြို Professional Application Developer သင်တန်းဖွင့်မည်

MPEC
Myanmar Professionals Education Centre

ရန်ကုန် ဒီဇင်ဘာ ၂၃

Myanmar Professionals Education Centre က ITနှင့် စပ်လျဉ်းသော Bachelor Degree၊ Master Degree အထိ ရရှိထားသူများ၊ Higher Diploma အဆင့်အထိ အောင်မြင်ပြီးသူများအနေဖြင့် IT Industry သို့ Professional Application Developer တစ်ဦးအဖြစ် လုပ်ငန်းခွင်ဝင်ရောက်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားသော လုပ်ငန်းခွင်အကြိုသင်တန်းကို ၂၀၁၀ခုနှစ် ဇန်နဝါရီလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည် ဖြစ်သည်။

စနစ်တကျ

ယင်းသင်တန်းတွင် လက်တွေ့လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရန်အတွက် အခြေခံအကျဆုံး အဓိကလိုအပ်ချက်များမှစတင်၍ စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။

ထို့အပြင် Introduction to Microsoft, NET Framework, Object Oriented Programming in C#. NET, Web Based Application With ASP.NET, Window Form Application with Visual C#, AJAX Technology စသည်တို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။

တက်ရောက်နိုင်မည်

သင်တန်းတက်ရောက်ပြီးသူ တစ်ဦးအနေဖြင့် IT Industry သို့ ကျွမ်းကျင်၍ အရည်အချင်းပြည့်ဝသော Professionals Application Developer တစ်ဦးအဖြစ် မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝဖြင့် ဝင်ရောက်နိုင်မည်ဖြစ်ပြီး လက်တွေ့လုပ်ငန်းခွင်သုံး Project များ ရေးသားမှု အတွေ့အကြုံ ထပ်မံရရှိလိုပါက Project Oriented သင်တန်းကိုပါ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre အမှတ် ၁၁၂ အခန်း (၁၁၁၂) ဧရိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၀၂၄ တို့သို့ ဆက်သွယ်ပြီး စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းကုန်းမြို့နယ်၌ လောကအလင်းရောင်စာကြည့်တိုက်ဖွင့်

ကျောက်ဆည် ဒီဇင်ဘာ ၂၃

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၄ရက်က ကျောင်းကုန်းကျေးရွာ လောကအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ် စာစောင်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် ပေးခဲ့ကြသည်။

လက်ခံယူ

အခမ်းအနားတွင် ကျောင်းကုန်းကျေးရွာ ရပ်မိရပ်ဖ ဦးသိုက်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စံ(၅)ချက်နှင့် ညီညွတ်ပြီး စာငှားစနစ်ဖြင့် ငှားရမ်းနိုင်ရေး စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရခြင်း လုပ်ငန်းစဉ်များနှင့် စာပေရေးရာတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ကျောင်းကုန်းကျေးရွာ လောကအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ရပ်မိရပ်ဖ ဦးသိုက်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

(ခရိုင် ပြန်/ဆက်)

မွေးနေ့ဆုတောင်း

ချစ်သမီးငယ် မီးမီး၏ ဒီဇင်ဘာ ၂၄ ရက် တွင် ကျရောက်သော မွေးနေ့မှသည် မွေးနေ့ပေါင်း ရာကျော်အထိ လိုရာဆန္ဒ ပြည့်ဝ၍ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝခရီး လမ်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေ…

ဖေဖေ၊ မေမေ၊ ကိုကြီး



မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်နေ ဦးမြင့်စိုး(အထွေထွေမန်နေဂျာ၊လယ်ယာ/ထွက်ကုန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်စိန်တို့၏ တစ်ဦးတည်းသောသား

မောင်နေလင်းအောင်

B.A (Business Management)- DBS (YI Eco)

နှင့်

ရန်ကုန်မြို့နေ

ဦးကျော်ရွှေ-ဒေါ်ခင်ဦးတို့၏ တစ်ဦးတည်းသောသမီး

မရတနာခင်ခင်ကျော်

B.C.Sc (Hons:) U.C.S.Y Project Officer (MIS) (Burnet Institute)

တို့၏ ၂၁-၁၂-၂၀၀၉ရက်တွင် မင်းကွန်းတိပိဋကရွှေရတုခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၏ဇနီးဒေါ်အေးအေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၏ဇနီး ဒေါ်တင်တင်လတ်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့်ဇနီး၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကျော်ထူး(ငြိမ်း)နှင့်ဇနီး ဒေါ်စမ်းစမ်းနုတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ဒေါ်ရီရီသန့်၊ တိပိဋကရွှေရတုခန်းမမှ ဝန်ထမ်းများ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် Photo Magic အဖွဲ့သားများ၊ မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေလင်းအောင်-မရတနာခင်ခင်ကျော်။

အမည်ပြောင်း

ဦးစိုးနိုင်၏သား ကမာရွတ်မြို့နယ် အထက-၁၊ Grade-1 (B) မှ မောင်သွန်းဖြိုးနိုင်အား မောင်ဟန်ထူးထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟန်ထူးထက်အောင်။

ကားငှားမည်

91Model ၂က စုပါဆလွန်း

ဖုန်း-၀၉-၅၀-၀၆၃၀၀၊ ၀၉-၉၉-၂၆၀၂၆။

ကျေးဇူးအထူးဆပ်ပါမည်

ဘဒ္ဒန္တဓမ္မသာရမဟာထေရ်၏ မြန်မာနိုင်ငံကူးလက်မှတ် (Passport No-422497) သည် ၁၁-၁၂-၂၀၀၉ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၈၆-၁၈၂၂၈၊ ၇၀၆၇၁၄ သို့ အကြောင်းကြားပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုကျော်ထွဋ်အောင် CDC-62465 ၏ TF ကတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၄-၀၈၁၉၉။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေလိခလမ်း၊ အမှတ်(၂-အေ)နေ (ဦးသာလှ-အထွေထွေမန်နေဂျာ၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)- ဒေါ်မြင့်ဝေ(မန်နေဂျာ-ငြိမ်း၊ ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်း) တို့၏သား

မောင်ဖြိုးဝေလှ

B.Sc(Physics)

MIS-Manager(IBTC Group of Companies)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဇောတိကရိပ်သာ၊ သံလွင်လမ်း၊ အမှတ်(၅-က)နေ ဒေါက်တာစိုးဝင်း-ဒေါ်သင်းသင်းဆင့် တို့၏သမီး

မကေခိုင်စိုးဝင်း

B.E(Information Technology)

တို့၏ ၁၆-၁၂-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဒေါ်ခင်လင်း၊ သက်သေအဖြစ်ဆောင်ရွက်ပေးပါသော ဦးမောင်မောင်အောင်(Aung Wood Home Collection) နှင့် ဇနီးဒေါ်နှင်းယုသောင်တို့အားလည်းကောင်း၊ ၂၀-၁၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)ခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးကံဇော်နှင့်ဇနီး၊ ယဉ်ကျေးမှုတက္ကသိုလ်ပါမောက္ခဒေါ်နန္ဒာမွန်းတို့အား လည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာပိုင်စိုး(သွားဘက်ဆိုင်ရာပါမောက္ခချုပ်-ငြိမ်း)နှင့်ဇနီးဒေါ်ကြည်ကြည်မြင့်တို့အား လည်းကောင်း၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများအားလည်းကောင်း၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော အဆိုတော်နှင်းရည်သန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော Grace မြင့်ထူး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဝိုင်းစန္ဒီဝင်း၊ မင်္ဂလာဝတ်စုံများချုပ်လုပ်ဆင်မြန်းပေးပါသော မဇူဇူ (Zu Zu Collection)၊ ညစာစားပွဲဝတ်စုံဖန်တီးပေးပါသော ပြည်စိုးအောင်၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ဦးမြဝင်း(City Rays)အဖွဲ့၊ မင်္ဂလာပန်းများ အလှဆင်ပေးပါသော မစန်းစန်းဦး၊ မေတ္တာဖြင့်စိန်ရတနာများအလှဆင်ပေးပါသော စိန်ရတနာမှ ဦးဘွန်စိန်နှင့် ဇနီးဒေါ်ချိုချိုလွင်၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်တို့အားလည်းကောင်း၊ ၂၀-၁၂-၂၀၀၉ရက် ညနေပိုင်းတွင် Inya Lake(Lake Side) ၌ ကျင်းပပြုလုပ်ခဲ့သည့် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel နှင့် Inya Lake Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေများနှင့် တကွ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်များအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ဖြိုးဝေလှ-မကေခိုင်စိုးဝင်း။

နမ့်ဆန်အထက အာစရိယ ပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၃

နမ့်ဆန်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူများက စုပေါင်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၃နာရီတွင် နမ့်ဆန်မြို့ ဇယန်းကြီးကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကိုထွန်းမြိုင်(ရန်ကုန်) ဖုန်း-၅၃၄၂၈၇၊ ကိုအောင်ထွန်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၇၂၅၇၂၊ ကိုလင်းယုနိုင်(မုံရွာ) ဖုန်း-၀၉-၂၁-၁၀၉၅၅၊ ကိုထွန်းအေး (ကျောက်ပန်းတောင်း) ဖုန်း-၀၉-၂၂-၂၀၃၀၂နှင့် ကိုဇော်လင်းထွန်း(မန္တလေး)ဖုန်း -၀၉-၂၀-၂၀၅၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၅)**

အင်းစိန် အလက(၁) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါကျောင်း၌ကျင်းပရာ မြန်မာစာသင်ကြားမှု ထူးချွန်ဆုရ အလက(၁)မှ အလယ်တန်းပြဆရာမဒေါ်မိမိရီအား မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၁၁၃)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နတ်မောက်ကျောင်း၏ခန်းမဆောင် (၉၉ပေ×ပေ ၆၀) အား အသုံးခန်းမဆောင်အဖြစ် ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(BQ)နှင့် တကွပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါ ရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာဆိုင်ရာလိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါပုံစံများကို ၂၈-၁၂-၂၀၀၉ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၂-၁-၂၀၁၀ရက် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်သည်။

၅။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန်အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ ရန်ကုန်

ဖုန်း-၀၁-၅၅၇၇၆၁၊ ၀၁-၅၄၄၉၄၈။

ရှောင်လေဝေးဝေး မူးယစ်ဆေး



အိမ်စီးကားသန့် ရောင်းမည်

အမည်ပေါက်၊ အခွန်ကျေ၊ လိုင်စင် အားလုံးရှင်းပြီးသော 1.Honda Vigor (model-1992) လ/….(074….km)နှင့် 2. VW Beetle (model-1997) ဈ/…. (050….km) ကို ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။ ဦးရာလူရမည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၅၀၄၄၄၂၊ ၀၉-၅၀-၆၂၈၀၅။



အမည်မှန်

အဖ ဦးခင်လှ၏သမီး ဖားကန့်-လုံးခင်းတွဲဖက် အထက နဝမတန်း(D) မှ မဆုမြတ်မွန်အား မစုမြတ်မော်ဟု ပြောင်းလဲခေါ်ပါရန်။

မစုမြတ်မော်။

အမည်ပြောင်း

အဖ ဦးမောင်မောင်စိုး၏ သား အထက(၁) ဒဂုံ Grade (7)(G)မှ မောင်ဇော်မင်းထက်အား မောင်ဆန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဆန်းအောင်။

ကမ္ဘာ့ထူးချွန်ထက်မြက်သော လူငယ်များ

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ကမ္ဘာ့အသက်အငယ်ဆုံး တောင်တက်သမား

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျန်အိုင်မြို့၌ကျင်းပသည့် ကမ္ဘာ့ဖလား တောင်တက်ပြိုင်ပွဲတွင် သတ်မှတ်ထားသောတောင်ထိပ်သို့ အချိန်ခြောက်မိနစ်အတွင်း အရောက်တက်နိုင်ခဲ့သည့် ဩစတြေးလျနိုင်ငံသူ အသက် ၁၅နှစ်အရွယ်ရှိ ဂျိုဟန်နာအီရက်သည် အောင်မြင်စွာတောင်တက်နိုင်သူ ကမ္ဘာ့အသက်အငယ်ဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။(အပေါ်ပုံ) (အင်တာနက်)

အသက်အငယ်ဆုံး ပါမောက္ခ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ကွန်ကော့ခ်တက္ကသိုလ်တွင် အသက် ၁၉နှစ် အရွယ်ရှိ အလီရာဆာဘူရာကို မကြာခင်က ပါမောက္ခရာထူးပေးအပ်ခဲ့ရာ ကမ္ဘာ့ အသက်အငယ်ဆုံး ပါမောက္ခအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)** သူမသည် သုတေသနဆိုင်ရာ ဘာသာရပ်တွင် ထူးချွန်ထက်မြက်သူအဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အသက်အငယ်ဆုံး အသံလွှင့်အစီအစဉ်ကြေညာသူ

အင်္ဂလန်နိုင်ငံ ဝက်စတန်မြို့မှ အသက်ရှစ်နှစ်အရွယ် ဂျက်ဟေးလ်အမည်ရှိ ကလေးငယ်သည် စတားရေဒီယိုအသံလွှင့်ဌာန၌ အစီအစဉ်ကြေညာသူအဖြစ် အောင်မြင်စွာဆောင်ရွက်လျက်ရှိရာ ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး အသံလွှင့်အစီအစဉ်ကြေညာသူအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ (အပေါ်ပုံ) ဂျက်ဟေးလ်သည် ငယ်ရွယ်စဉ်ကပင် တေးဂီတသံစဉ်များကို ဝါသနာပါသူဖြစ်ပြီး အစီအစဉ်များတင်ဆက်ရာ၌ ၎င်း၏ အရပ်နှင့် အသံလွှင့်စက်အနိမ့်အမြင့် ဟန်ချက်ညီမျှစေရန် ခြေထောက်အောက်မှ သေတ္တာခုပေးထားရသည်။ (အင်တာနက်)

တစ်ယောက်တည်းဆိုပါလျှင်····

နိုင်ငံတကာမှုခင်း

ဆွေ စုစည်းသည်

ဘယ်သွားသွား အဖော်မပါဘဲတစ်ယောက်တည်းသွား၍ မသင့်လျော်ကြောင်း လူကြီးသူမများက သူတို့၏ဆွေမျိုးဉာတိ သားသမီး မြေးမြစ်များကို ဆိုဆုံးမတတ်ကြသည်။ ကြားဖူးကြမှာပါ။

အထူးသဖြင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် မိဘဆွေမျိုးအစ်ကိုအစ်မများမပါဘဲ ဘယ်အချိန်မှာပင်ဖြစ်ဖြစ် ဘယ်မှမသွားလျှင် အကောင်းဆုံးပင်···။

တစည်းတလုံး

ညအချိန်မတော် လူသူတိတ်ဆိတ်ချိန်များဆိုလျှင် မိမိမိသားစုများနှင့်အတူ မိမိတို့နေထိုင်ရာနေအိမ်တွင် တစည်းတလုံးတည်းနေထိုင်ကြလျှင် အလုံခြုံဆုံး၊ အန္တရာယ်အကင်းဆုံးဟုဆိုသော် မှားနိုင်ဖွယ်မရှိ။

ရာထူးအရှိန်အဝါရှိသည့် မိဘများ၏သားသမီးများ၊ ချမ်းသာကြွယ်ဝသည့် မိဘများ၏ သားသမီးများသည် မိဘညီအစ်ကို မောင်နှမများမျက်စိအောက်တွင် ခိုလှုံနေလျှင် စိုးရိမ်ကြောက်လန့်စရာသိပ်မများလှ။

နမူနာပြ

ဤတွင်အကြောင်းတိုက်ဆိုင်၍ အမေရိကန်ပြည်ထောင်စု ရီပတ်ဘလီကင် အထက်လွှတ်တော် အမတ်တစ်ဦး၏ အသက် ၂၂နှစ်အရွယ်ရှိပြီးဖြစ်သည့် သမီးဖြစ်သူ၏ဖြစ်ရပ်ကို နမူနာအဖြစ် ပြလိုက်ချင်ပါ၏။

သိကြားစေသက်သေသွန်းလိုက်ချင်ပါဘိ။

ပြန်ပေးဆွဲ

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်တွင် တင်နက်ဆီပြည်နယ် ရီပတ်ဘလီကင်အထက်လွှတ်တော်အမတ် မစ္စတာဘော့ဖ်ကော်ကာ၏သမီးဖြစ်သူ၏ မော်တော်ကား ပြန်ပေးဆွဲခံလိုက်ရကြောင်း၊ သို့ရာတွင် ထိုတင်နက်ဆီပြည်နယ် ရီပတ်ဘလီကင်အထက်လွှတ်တော်အမတ် ဘော့ဖ်ကော်ကာ၏သမီးတွင် ပြင်းထန်သည့်ဒဏ်ရာရရှိမသွားကြောင်း၊ ပြောပလောက်အောင် ဒဏ်ရာမပြင်းလှကြောင်း အဆိုပါ အမေရိကန် အထက်လွှတ်တော် အမတ် ဘော့ဖ်ကော်ကာ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောပြသည်။

တင်နက်ဆီပြည်နယ် အထက်လွှတ်တော်အမတ်၏သမီးနာမည်က ဂျူလီယာကော်ကာဖြစ်၏။ သူမ၏အသက်မှာ ၂၂ နှစ်သာရှိသေး၏။



အမေရိကန်အထက်လွှတ်တော်အမတ် ဘော့ဖ်ကော်ကာနှင့် သူ၏မိသားစု။

ချဉ်းကပ်

ဂျူလီယာကော်ကာသည် သူမ၏မိသားစုနေထိုင်ရာ နေအိမ်တိုက်ခန်းသို့ လွန်ခဲ့သော ဒီဇင်ဘာ ၉ရက်ညက ကားဖြင့် တစ်ယောက်တည်းပြန်လာစဉ် လမ်းဆုံတစ်နေရာအရောက်၌ လူတစ်စုက သူမ၏ကားကိုရပ်ခိုင်းပြီး သူမအနားသို့ ချဉ်းကပ်လာသည်ဟု အဆိုပါပြောရေးဆိုခွင့်ရပုဂ္ဂိုလ် တော့ဒ်ဝိုမက်ဆိုသူက ပြောပြသည်။

ထိုအခါ ဂျူလီယာကော်ကာက သူမ၏မော်တော်ကားတံခါးကို ဖွင့်လိုက်ရာ အဆိုပါလူတစ်စုက သူမကိုကားပေါ်မှဆွဲချပြီး မြေပြင်ပေါ်သို့ တွန်းချလိုက်သည်။

ဒဏ်ရာ

ထိုသို့တွန်းလိုက်သဖြင့် သူမသည် နာကျင်သည့်ဝေဒနာကို ခံစားလိုက်ရသော်လည်း ပြင်းထန်သည့်ဒဏ်ရာရရှိခြင်းမရှိကြောင်းဖြင့်လည်း ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မစ္စတာဝိုမက်က ဒီဇင်ဘာ ၁၀ရက်တွင် ပြောပြသည်။

ချက်ချင်းဆိုသလိုပင် ဂျူလီယာကော်ကာ၏ ဖခင်ဖြစ်သူ တင်နက်ဆီပြည်နယ် ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် မစ္စတာဘော့ဖ်ကော်ကာသည် အခင်းဖြစ်ပွားရာနေရာသို့ မိနစ်ပိုင်းအတွင်းရောက်ရှိလာသည်ဟုလည်း ထိုပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မစ္စတာဝိုမက်က ဆက်လက်ပြောပြသည်။

ရောက်ရှိ

ထိုဖြစ်ရပ်ကို ရဲတပ်ဖွဲ့ကသတင်းရရှိပြီး အခင်းဖြစ်ပွားရာသို့ မကြာမီအချိန်တွင် ရောက်ရှိလာသည်။ ရဲတို့ဝတ္တရားအတိုင်း တာဝန်ကို ဆက်လုပ်သည်။

ရှင်းပြ

မာရီလင်းပြည်နယ် ဆိပလဲဆင့်ရဲစခန်းမှ ရဲကြပ်ကြီးလီရှိုင်းပတ္တာဆင်နှင့်အဖွဲ့က ညသန်းခေါင်ကျော်လောက်တွင် မသင်္ကာသူ နှစ်ဦးကို ဖမ်းဆီးကာ အချုပ်ခန်းကိုခေါ်သွားပြီး ချုပ်ထားလိုက်ကြောင်းဖြင့် အဆိုပါပြောရေးဆိုခွင့်ရပုဂ္ဂိုလ် တော့ဒ်ဝိုမက်က ရှင်းပြသည်။

သို့ရာတွင် ဖမ်းချုပ်လိုက်သည့် လူနှစ်ဦး၏အမည်ကိုမူ အဆိုပါ ရဲကြပ်ကြီးက ထုတ်ဖော်ခြင်းမရှိကြောင်းပါတဲ့ဗျာ-။

ကိုးကား-အင်တာနက်

ဘယ်သွားသွား အဖော်မပါဘဲ တစ်ယောက်တည်းသွား၍ မသင့်လျော်ကြောင်း လူကြီးသူမများက သူတို့၏ ဆွေမျိုးဉာတိ သားသမီး မြေးမြစ်များကို ဆိုဆုံးမတတ်ကြသည်။ ကြားဖူးကြမှာပါ။

အထူးသဖြင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် မိဘဆွေမျိုး အစ်ကိုအစ်မများမပါဘဲ ဘယ်အချိန်မှာပင်ဖြစ်ဖြစ် ဘယ်မှမသွားလျှင် အကောင်းဆုံးပင်။

ဘဝဒဿန

- **The man who does more than he is paid for is sooner or late paid willingly for more than he does.**
- မိမိရရှိနေသော လစာထက်ပိုမို၍ အလုပ်လုပ်နေရသူတစ်ယောက်သည် မကြာမီတွင် မိမိလုပ်နေရသည့် အလုပ်ထက် တန်ဖိုးပိုရှိသောလစာကို ခံစားလာရမည်ဖြစ်သည်။

- **Time is the greatest of all doctors. If given a chance, it can cure most of the ills that men gripe about.**
- အချိန်သည် သမားတော်အားလုံးအနက် အကောင်းဆုံးသမားတော်ဖြစ်သည်။ လူအများ၏ ဝေဒနာအများစုကို အချိန်ကသာ ကုစားပေးနိုင်သည်။ **နပိုလီယံဟီးလ်**

ဇီဝသမိုင်းဖြစ်စဉ်

နှစ်သန်းပေါင်း ၁၂၅ နှစ်က ဒိုင်နိုဆောရပ်ကြွင်း တရုတ်၌ ရှာဖွေတွေ့ရှိ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၂၅ နှစ်က ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းအစိတ်အပိုင်းများကို တရုတ်ရှေးဟောင်းသုတေသနအဖွဲ့နှင့် အမေရိကန်ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်း လေ့လာရေးပညာရှင်များက ဒီဇင်ဘာ ၂၁ ရက်တွင် ရှာဖွေတွေ့ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

သဏ္ဌာန်တူ

ယင်းဒိုင်နိုဆောရုပ်ကြွင်း အစိတ်အပိုင်းသည် မြွေနှင့်အိမ်မြှောင်တို့ကဲ့သို့ အလားသဏ္ဌာန်တူကြောင်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း တက္ကသိုလ်မှ ပါမောက္ခ ကွမ်အန်ပူက ပြောကြားသည်။ အဆိုပါ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းသည် ငှက်မျိုးစိတ်၏ အစိတ်အပိုင်းဖြစ်နိုင်ဖွယ်ရှိကြောင်း ထပ်လောင်း ပြောကြားသည်။ **(အောက်ပုံ)** **(အင်တာနက်)**



24-12 (15).pmd 1 12/24/2009, 12:33 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

ကျေးလက်ဖွံ့ဖြိုး၊ စက်ရက်ကန်းတို့ဖြင့် အလှဝေဖြာတိုးနေသော မြို့ဝမ်းတွင်း

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဤသို့ စက်ရေတွင်းများ တူးဖော်ပေးခဲ့သည်။ ဓာတ်ပုံမှတ်တမ်း-ကိုသန့်စင်(မိတ္ထီလာ)

နေပြည်တော် ဒီဇင်ဘာ ၂၃

မန္တလေးတိုင်း မိတ္ထီလာခရိုင်တွင် ဝမ်းတွင်းမြို့နယ်ပါရှိသည်။ ဝမ်းတွင်းမြို့သည် ရန်ကုန်-မန္တလေး ကားလမ်းနံဘေးနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းဘေး၌ တည်ရှိပြီး ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၉အုပ်စုနှင့် ကျေးရွာပေါင်း ၂၁၈ရွာရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၌ တည်ရှိသော ဝမ်းတွင်းမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆည်မြောင်း၊ ကန်၊ ချောင်းများမှ ရေကိုသာ အဓိကအားထားရသည်။ ဝမ်းတွင်းမြို့နယ်တွင် ဆည်ပေါင်း ၁၃၃ ရှိသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■

သတင်းမြင်ကွင်း-ကိုတင်လှိုင်(မိတ္ထီလာ) ✦ ဓာတ်ပုံမှတ်တမ်း-ကိုသန့်စင်(မိတ္ထီလာ) ✦ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သွေးကြောပိတ်မည့်အန္တရာယ် ကင်းဝေးစေရန် ခရမ်းချဉ်သီး နေ့တိုင်းစားသုံးသင့်

ခရမ်းချဉ်သီးစေ့တွင် ပါဝင်သော သဘာဝဓာတ်တစ်မျိုးက သွေးကြောပိတ်မှုကို အကာအကွယ်ပေးခြင်းဖြင့် ခန္ဓာကိုယ် သွေးသားလည်ပတ်မှု အဆင်ပြေအောင် အထောက်အကူပြုကြောင်း တွေ့ရှိရသည်ဟု ဆေးသုတေသီများက ပြောကြားသည်။

အန္တရာယ်လျော့ပါးစေ

ခရမ်းချဉ်သီးစေ့ပတ်လည်ရှိ အဆီပျစ်၌ ပါဝင်သည့် အဆိုပါဓာတ်ပစ္စည်းက ခန္ဓာကိုယ်တွင်း သွေးသားလည်ပတ်မှုကို ပိုမိုကောင်းမွန်အဆင်ပြေစေကြောင်း ဗြိတိန်ဆေးသုတေသီများက တွေ့ရှိသည်။ ခရမ်းချဉ်သီးစေ့၏ ပတ်လည်ရှိ အဆိုပါအရောင်နှင့် အရသာမရှိသော အဆီပျစ်က သွေးဥမွှားများ အနည်မထိုင်နိုင်အောင် အကာအကွယ်ပေးပြီး သွေးကြောပိတ်မည့်အန္တရာယ်ကို လျော့ပါးစေသည့်အပြင် ဘေးထွက်ဆိုးကျိုး လုံးဝမရှိကြောင်း တွေ့ရသည်။

အကြံပြုထား

ခရမ်းချဉ်သီးကို စားသုံးပြီး သုံးနာရီအတွင်း ထိရောက်မှုအကျိုးစတင်ပြီး ၁၈နာရီကြာသည့်တိုင် အာနိသင် မပျက်ပြယ်သည့်အတွက် ခရမ်းချဉ်သီးကို နေ့စဉ်စားသုံးသင့်ကြောင်း ဆေးသုတေသီပညာရှင်များက အကြံပြုထားသည်။ ။

မြန်မာ့အလင်း ပြည်ပသတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) နှင့် (၅)တွင် ဖော်ပြထားပါသည်။

24-12 (20).pmd 1 12/24/2009, 12:34 AM